# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၉) ရက်၊ အင်္ဂါနေ့ ၊ (11-7-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၇၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ် စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေမြို့ View Point နေရာအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒေါက်တာအောင်ကျော်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေလေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့သွားရောက်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**စစ်တွေမြို့တွင်းနှင့် ရွှေခင်းသာလမ်း တစ်လျှောက် သန့်ရှင်းသာယာရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့လေဆိပ်သို့ ရောက်ရှိကြပြီး စစ်တွေမြို့အတွင်းနှင့် ရွှေခင်းသာလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် **စာမျက်နှာ ၁၆ ကော်လံ ၁** ☞




ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၁၁ ရက်
အယ်ဒီတာ့အာဘော်

# လူသားတိုင်း လူတန်းစေ့ ကမ္ဘာ့လူဦးရေနေ့

ကမ္ဘာ့လူဦးရေ သန်း ၅၀၀၀ ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် ကုလသမဂ္ဂကသတ်မှတ်လိုက်ရာမှ ကမ္ဘာ့လူဦးရေနေ့ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့လူဦးရေသည် အရှိန်အဟုန်ဖြင့် တိုးပွားနေသည်ဟုဆိုနိုင်သော်လည်း နိုင်ငံတိုင်းတွင် တစ်သမတ်တည်း ညီညီမျှမျှတိုးပွားနေခြင်းမဟုတ်ကြောင်း တွေ့ရသည်။ လူဦးရေတိုးပွားလာခြင်းသည် ဝန်ထုပ်ဝန်ပိုးများ တိုးပွားလာခြင်းမဖြစ်စေဘဲ လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာခြင်းဖြစ်စေရန် အထူးလိုအပ်ပေသည်။

လူဦးရေတိုးပွားမှုကြောင့် စားနပ်ရိက္ခာလိုအပ်ချက်မြင့်မားလာခြင်းနှင့်အတူ ရာသီဥတုဖောက်ပြန်မှုကြောင့် ကောက်ပဲသီးနှံအထွက်နှုန်း ကျဆင်းခဲ့ပါက လူဦးရေ သန်းနှင့်ချီကာ ငတ်မွတ်မှုများ ကြုံတွေ့ရသည့်အဖြစ်တို့ ရှိနေသည်ကို သိအပ်ပေသည်။ လူဦးရေ တိုးပွားလာခြင်းသည် ကျွမ်းကျင်လုပ်သားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေး၊ လူမှုရေး၊ အခြေခံရုပ်ဝတ္ထုတို့ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် အင်အားစုများ၊ လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ရောက်ရှိရန်အတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်များ ထားရှိဆောင်ရွက်ရန် လိုအပ်ပေသည်။

တိုးပွားလာသော လူဦးရေအလိုက် စားနပ်ရိက္ခာလိုအပ်သူကို ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်သူက ဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သူကို ကျန်းမာရေးဝန်ထမ်းများ၊ ဆေးပညာရှင်များက စောင့်ရှောက်မှုပေးခြင်း၊ အိုးအိမ်အခြေတကျနေထိုင်သူများအတွက် ဆောက်လုပ်ရေးလုပ်သားများ၊ ဗိသုကာပညာရှင်များက ဆောက်လုပ်ပေးခြင်း စသည်ဖြင့် အပြန်အလှန် ကျေးဇူးပြုမှုဖြစ်ပေါ်ပါက လူဦးရေတိုးပွားနှုန်းနှင့်အတူ ဟန်ချက်ညီသော ရှင်သန်နေထိုင်မှု လူမှုဘဝကို ရရှိနိုင်မည်ဖြစ်ပေသည်။

ကမ္ဘာ့လူဦးရေသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်ထိ နှစ်စဉ် ပျမ်းမျှ ၁ ရာခိုင်နှုန်းဖြင့် တိုးပွားနေပြီး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအပါအဝင် အာရှနိုင်ငံအများစုတွင် လူဦးရေတိုးနှုန်း ၁ ရာခိုင်နှုန်းအောက်ရှိနေကာ အာဖရိကနိုင်ငံအများစုတွင် လူဦးရေတိုးနှုန်း ၂ ရာခိုင်နှုန်းမှ အချို့နိုင်ငံများတွင် ၃ ရာခိုင်နှုန်းအထက်ရှိနေသည်ကို တွေ့ရသည်။ ဖွံ့ဖြိုးမှုနိမ့်ကျသည့်နိုင်ငံများ၌ လျင်လျင်မြန်မြန်တိုးပွားလာသော လူဦးရေ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အပြင်းအထန်ကြိုးစားရုန်းကန်နေကြရကြောင်းလည်း သိနိုင်သည်။

လူဦးရေနှင့်ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများသည် မတူကွဲပြားသော ပြဿနာအမျိုးမျိုးကို ရင်ဆိုင်နေကြရပြီး တစ်ချိန်က မွေးဖွားနှုန်းမြင့်မားခဲ့သည့် ကမ္ဘာ့နိုင်ငံများတွင် အလုပ်လုပ်နိုင်သည့်လူဦးရေများပြားနေပြီး မှီခိုသူ လျော့ကျလာခြင်းကြောင့် လူဦးရေဆုလာဘ် **(Demographic Dividend)** ရရှိနေသော နိုင်ငံများရှိသလို လူဦးရေတိုးပွားမှုနည်းလွန်းသည့်အတွက် သက်ကြီးရွယ်အိုဦးရေများပြားပြီး လုပ်သားရှားပါးသည့်ပြဿနာရင်ဆိုင်နေကြရသည့် နိုင်ငံများလည်း ရှိနေသည်။

ကမ္ဘာ့လူဦးရေ သန်း ၈၀၀၀ အတွက် စားနပ်ရိက္ခာ၊ ဆေးဝါး၊ အခြေခံလိုအပ်ချက်များနှင့် လုံခြုံမှု၊ သာယာဝပြောမှု၊ လူသားတိုင်း လူတန်းစေ့နေနိုင်မှုတို့ကို ဖန်တီးပေးနိုင်ရန်အတွက် နှစ်စဉ် ရည်မှန်းချက်များ၊ ဆောင်ပုဒ်များချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "ကမ္ဘာ့လူ့ဘောင်သာယာဖို့ လူဦးရေနှင့် ဖွံ့ဖြိုးမှုဟန်ချက်ညီအောင် ကြိုးစားစို့"ဟူ၍ဖြစ်သည်ကို တွေ့ရသည်။ ကမ္ဘာ့နိုင်ငံသားအားလုံးအတွက် အရေးပါ၍ အနှစ်သာရရှိသော ယနေ့ကျရောက်သည့် ကမ္ဘာ့လူဦးရေနေ့ကို လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်တွင် စိန်တလုံးသရက်သီး တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ဈေးကောင်းရရှိ



**မန္တလေး ဇူလိုင် ၁၀**

မန္တလေးဈေးကွက်တွင် စိန်တလုံးသရက်သီးများ တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

စိန်တလုံးသရက်သီးများ ရာသီကုန်တော့မည်ဖြစ်၍ လက်ကျန်သရက်သီးအနည်းငယ်သာရှိတော့သဖြင့် ဈေးကောင်းရရှိနေကြောင်း၊ လက်ရှိတွင် စိန်တလုံးသရက်သီးများ မန္တလေးဈေးကွက်တွင် တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း၊ ရောင်းချရာတွင်လည်း မန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုပါ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်အနေနဲ့က စိန်တလုံးသရက်သီးက နောက်ဆုံးရာသီဖြစ်သွားပြီ။ ရှမ်းပြည်နယ်ဘက်ကအသီးပဲ ကျန်တော့တယ်။ စိန်တလုံးသရက်က ရာသီကုန်ရောက်ရှိနေချိန်မှာတောင် ဈေးကောင်းရရှိနေပါတယ်။ ပြည်ပကို တင်ပို့ရောင်းချတာတွေမရှိတော့ပါဘူး။ ပြည်တွင်းဈေးကွက်ကိုပဲ အဓိကထား ရောင်းချပေးနေပါတယ်။ လက်ကျန်သီးတွေကို ဈေးကွက်မှာတော့ အလုံးအရွယ်အစားပေါ်မူတည်ပြီး ရောင်းချကြပါတယ်။ အလုံးသန့်ရှင်းသန့်သလို ဈေးကောင်းရပါတယ်။ စိန်တလုံးသရက်သီးက အခြားသရက်သီးတွေထက် ပြည်တွင်းစားသုံးသူတွေ ကြိုက်နှစ်သက်ပြီး ဝယ်ယူစားသုံးမှုပိုများပါတယ်"ဟု မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သရက်စိုက်ဧကပေါင်း ၃၅၀၀၀ ရှိပြီး သရက်အမျိုးအစားပေါင်း ၁၉၅ မျိုးရှိကြောင်း၊ စိန်တလုံး၊ ရင်ကွဲ၊ ရွှေဟင်္သာ၊ မချစ်စု၊ မယ်သီ၊ ပတ္တမြားငမောက်သရက်သီးတို့ကို အဓိကစိုက်ပျိုးပြီး အခြားသရက်သီးများကိုလည်း စိုက်ပျိုးကြကြောင်း၊ သရက်သီးများကို ပြည်တွင်းဈေးကွက်အပြင် တရုတ်နိုင်ငံဈေးကွက်သို့လည်း အဓိကထားတင်ပို့ရောင်းချကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့်စားတော်ပဲ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေ

**မန္တလေး ဇူလိုင် ၁၀**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့် စားတော်ပဲ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က မြေထောက်ပဲနှင့်စားတော်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုအခါ မြေထောက်ပဲနှင့် စားတော်ပဲကို ကုန်သည်များ ဝယ်ယူမှု များပြားလာသဖြင့် အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"မြေထောက်ပဲနဲ့စားတော်ပဲက အရင်တစ်ပတ်လောက်က အဝယ်သိပ်ပြီးမလိုက်တာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ပါဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဇူလိုင် ၃ ရက်ပေါက်ဈေးအရ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ သာရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ထိရှိပြီး ဈေးကောင်း ရရှိနေကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဇူလိုင် ၃ ရက် ပေါက်ဈေးအရ စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ သာ ရှိခဲ့သော်လည်း ယနေ့ ပေါက်ဈေးအရ စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှ သိရသည်။

(၁၈၄)

# မန္တလေး စည်ပင်နယ်နိမိတ်အတွင်း Mobile ယာဉ်ဖြင့် ထီလှည့်လည်ရောင်းချလိုသူများ လာရောက်လျှောက်ထားနိုင်

**မန္တလေး ဇူလိုင် ၁၀**

မန္တလေး စည်ပင်နယ်နိမိတ်အတွင်း Mobile ယာဉ်ဖြင့် ထီလှည့်လည်ရောင်းချလိုသူများ လာရောက်လျှောက်ထားနိုင်ကြောင်း မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေး စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အမရပူရမြို့နယ်အတွင်း Mobile ယာဉ်များဖြင့် ထီလှည့်လည်ရောင်းချလိုသူများအနေဖြင့် ထီရောင်းချခွင့်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနသို့ လာရောက်လျှောက်ထားနိုင်ကြောင်း၊ ထီရောင်းချရန် လျှောက်ထားသူများအနေဖြင့် ထီရောင်းချခွင့် ခွင့်ပြုချက်ရလျှင်လည်း သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာကြရမည်ဖြစ်ကြောင်းသိရသည်။

"မန္တလေးမြို့စည်ပင်နယ်နိမိတ်ထဲမှာ Light Truck ကားတွေအပြင် အခြားခွေးဘီလူးကားတွေနဲ့ပါ ထီလှည့်လည်ရောင်းချချင်တဲ့သူတွေရှိရင် ခွင့်ပြုပေးသွားမှာပါ။ ထီလှည့်လည် ရောင်းချမဲ့သူတွေအနေနဲ့ လျှောက်လွှာလာတင်တဲ့အခါ မိမိတို့သွားရောက်ရောင်းချမဲ့နေရာ လေးနေရာလောက်ထိ တင်လို့ရပါတယ်။ တကယ်လို့ မန္တလေးမြို့တော်စည်ပင်က ထီရောင်းချဖို့ ခွင့်ပြုထားတဲ့နေရာတွေမဟုတ်ဘဲ ခွင့်မပြုထားတဲ့နေရာတွေမှာ ထီလှည့်လည်ရောင်းချနေတာတွေကို တွေ့ရှိရင်လဲ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်ဆောင်သွားမှာပါ။ ဒါ့ပြင် သတ်မှတ်စည်းကမ်းဖောက်ဖျက်တဲ့ ထီသည်တွေကိုလဲ ဒဏ်ရိုက်အရေးယူမှုတွေလုပ်ဆောင်သွားမှာပါ"ဟု ဦးရဲထွန်းက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကော်ပတ်မြို(ရွှေဘော်ကုန်း)ကျေးရွာ၌ True Money Myanmar ကုမ္ပဏီနှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများကို Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ဒီဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေခြင်း၊ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှုလျော့နည်းစေခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက Mobile Financial Payment စနစ်အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၂၄ ဒသမ ၇၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၆ ဒသမ ၈၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၀၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို ရန်ပုံငွေကျပ် ၄၃ ဒသမ ၇၃သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန္တာ**



**မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင်မန္တလေးမြို့နေ ဒေါက်တာယုယုအောင်နှင့် ညီအစ်မများက မိဘနှစ်ပါးအားရည်စူး၍ လူနာခုတင်တစ်လုံးနှင့် အက်ထရီအိုး နှစ်လုံးတို့ကို လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၅၀၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၅၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၀၃၃၈၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၈၅၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မိုးစပါး ၁၀၃၃၈၅ ဧကစိုက်ပျိုးဖို့ လျာထားတယ်။ လက်ရှိ မိုးစပါးဧက ၈၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ မိုးစပါးစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာ ရှိပါတယ်။ ဒီနှစ်ဆိုရင် မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ အထွက်နှုန်းကောင်းမွန်တဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြတ်မိုးဝင်းက ပြောပြသည်။

မြို့နယ်အလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကနီမြို့နယ်တွင် ၄၄၁၅ ဧက၊ ပုလဲမြို့နယ်တွင် ၄၀၉၄ ဧကတို့ဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင်ဧက ၃၀၀၀၀၊ ကနီမြို့နယ်တွင် ၂၃၂၇၀ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၄၄၁၅ ဧက၊ ပုလဲမြို့နယ်တွင်ဧက ၄၅၇၀၀ စုစုပေါင်း ၁၀၃၃၈၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ယင်းမာပင်ခရိုင်တွင် မိုးစပါးကို ၂၀၂၂ ခုနှစ် မေလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၁၀၁၉၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်၊ စီးပွားမျိုးများစိုက်ပျိုးရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဆည်ကြီး(တောင်)နှင့် ဘိုကုန်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော နှမ်းစိုက်ပျိုးနေမှုနှင့် လအလိုက် ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ကော်မတီဝင်များနှင့် တွေ့ဆုံကာ (ဆီထွက်သီးနှံ) နှမ်းစိုက်ပျိုးနေမှုများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် ဆည်ကြီး(တောင်)နှင့် ဘိုကုန်းကျေးရွာနှစ်ရွာအပါအဝင် စုစုပေါင်းကျေးရွာ ရှစ်ရွာမှ အသင်းသား၊ အသင်းသူ ၄၅၃ ဦးထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၉၀၀ ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ ပထမအကြိမ်အဖြစ် ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။ **အေးသူ**

# မင်းဘူးမြို့နယ် ထုံးမကြီးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး


**မင်းဘူး ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုံးမကြီးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ထုံးမကြီးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော Silver Net ကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မင်းဘူးမြို့နယ် ထုံးမကြီးကျေးရွာ၌ အနက်ပေ ၂၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၉၅၁ သန်းဖြင့် Silver Net ကုမ္ပဏီက ယခုနှစ် ဇွန် ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ထုံးမကြီးကျေးရွာရှိ အိမ်ခြေ ၂၂၇ အိမ်၊ လူ ၈၇၈ ဦးတို့အတွက် အကျိုးပြုသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**စင်မာ**



# တိုက်တန်းနစ်ကပေးခဲ့တဲ့ သင်ခန်းစာများ(အပိုင်း-၂)

ပါမောက္ခကိုကိုအောင်



**နစ်မြုပ်မှုမြန်ဆန်လွန်းခြင်း**

တိုက်တန်းနစ် တည်ဆောက်ခဲ့သည့်ကာလက သင်္ဘောများတည်ဆောက်ရာတွင် အကြောင်းကြောင်းကြောင့် နစ်မြုပ်ခဲ့ပါက စတင်နစ်မြုပ်ချိန်မှ စုံးစုံးမြုပ်သွားသည်ထိ အနည်းဆုံး ၂၄ နာရီခန့်ကြာမြင့်စေရန် ပုံစံထုတ်၍ တွက်ချက်တည်ဆောက်ခဲ့ကြသည်။ မူလတွက်ချက်ထားသည့်အတိုင်း စုံးစုံးမြုပ်သွားရန် ကြာမြင့်မည့်အချိန်အတွင်း သင်္ဘောစီးခရီးသည်များနှင့် သင်္ဘောသားများမှာ အသက်ကယ်လှေများဖြင့် ထွက်ခွာရန် သို့တည်းမဟုတ် အခြားသော ကယ်ဆယ်ရေးအကူအညီများကိုရယူနိုင်ရန် အချိန်ကောင်းစွာရရှိမည်ဖြစ်သည်။ တိုက်တန်းနစ်ကို သမားရိုးကျသင်္ဘောများတည်ဆောက်မှုနည်းပညာထက် ပိုမိုသာလွန်ကောင်းမွန်အောင် စီစဉ်ခဲ့ပါလျက် လက်တွေ့ဖြစ်ရပ်တွင် ရေခဲတောင်နှင့်တိုက်မိပြီး သုံးနာရီမျှပင်မပြည့်သောအချိန်အတိုင်းအတာအတွင်း၌ လုံးဝနစ်မြုပ်သွားခဲ့ရသည်။

**နှစ်ပေါင်း ၈၀ အကြာ**

တိုက်တန်းနစ်သင်္ဘောကြီးနစ်မြုပ်သွားပြီး ခရီးသည်ဦးရေ ၁၅၀၀ ကျော် သေဆုံးခဲ့ရမှုသည် တစ်ကမ္ဘာလုံးကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ တိုက်တန်းနစ်သင်္ဘောနစ်မြုပ်မှုဖြစ်ပွားပြီး နှစ်ပေါင်း ၈၀ ကျော်မျှ ကြာမြင့်ခဲ့သည့်တိုင်အောင် ဤမျှ မြန်မြန်ဆန်ဆန်နစ်မြုပ်ခဲ့ရသည့်အကြောင်းရင်းကို သိပ္ပံပညာရှင်များက တပ်အပ်သေချာအဖြေရှာ၍ မရခဲ့ကြပေ။

**သံလွန်စ**

၁၉၈၅ ခုနှစ် စက်တင်ဘာလတွင် ဘော့စ်ဘောလတ်ဆိုသူ အဏ္ဏဝါဗေဒပညာရှင်တစ်ဦးက ပင်လယ်ရေမျက်နှာပြင်အောက် ၁၂၆၁၂ ပေအနက်ရှိသည့် ပင်လယ်ကြမ်းပြင်တွင် တိုက်တန်းနစ်သင်္ဘောပျက်မှ အပျက်အစီးအစိတ်အပိုင်းများကို စတင်တွေ့ရှိခဲ့သည်။

ထို့နောက် ခြောက်နှစ်အကြာ ၁၉၉၁ ခုနှစ်တွင် ကနေဒါနိုင်ငံ သဘာဝအရင်းအမြစ်များဆိုင်ရာဌာနမှ ပင်လယ်ကြမ်းပြင်ဆိုင်ရာ ဘူမိဗေဒပညာရှင် စတိဗ်ဘလတစ်စ်ခေါင်းဆောင်သော သိပ္ပံစူးစမ်းရေးအဖွဲ့သည် ဆိုဗီယက်ထုတ် မီယာရေငုပ်သင်္ဘောနှစ်စီးဖြင့် နစ်မြုပ်နေသော တိုက်တန်းနစ်သင်္ဘောမှအစိတ်အပိုင်းများကို စူးစမ်းလေ့လာခဲ့သည်။ တိုက်တန်းနစ်သင်္ဘောကြီး၏ကိုယ်ထည်မှ ပြုတ်ထွက်လွင့်စဉ်နေခဲ့သော သံတုံးတစ်တုံးကို တွေ့ရှိကောက်ယူခဲ့ပြီး လေ့လာသုတေသနပြုခဲ့ကြသည်။

အဆိုပါသံတုံး၏အနားစွန်းများသည် အချွန်အတက်များဖြစ်နေပြီး ကွေးညွတ်ထားသည့်သွင်ပြင်လက္ခဏာတစ်စုံတစ်ရာကိုမျှ မတွေ့ရှိကြရပေ။ သုတေသနပညာရှင်များသည် အဆိုပါတိုက်တန်းနစ်သင်္ဘောကြီး၏သံတုံးကို လက်ရှိခေတ်သုံးအရည်အသွေးမြင့် သံမဏိတုံးတစ်ခုနှင့်တွဲဖက်၍ ဟိုက်ဒရောလစ်ဖိအားသုံးပြီး တစ်ပြိုင်နက်ထုချလိုက်ရာ တိုက်တန်းနစ်သင်္ဘော၏ သံမဏိတုံးမှာ ဆတ်ခနဲ နှစ်ပိုင်းကျိုးထွက်သွားသော်လည်း လက်ရှိခေတ်သုံးသံမဏိတုံးကမူ ကျိုးထွက်မသွားဘဲ တွဲ၍ခံနေကြောင်း တွေ့ရှိခဲ့ရသည်။ တိုက်တန်းနစ်သင်္ဘော၏သံမဏိတုံးမှာ ပင်လယ်ရေအောက်တွင် နှစ်ပေါင်း ၈၀ ခန့် ရှိနေခဲ့သည့်အတွက်ကြောင့် ယခုကဲ့သို့ ကြွပ်ဆတ်သွားခြင်းမဟုတ်ဘဲ အဆိုပါသံမဏိကို ထုတ်လုပ်ခဲ့စဉ်ကတည်းကပင် ကြွပ်ဆတ်ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့ကြသည်။

၁၉၁၂ ခုနှစ်က နစ်မြုပ်ခဲ့သော တိုက်တန်းနစ်သင်္ဘောပျက်မှ ပစ္စည်းအမျိုးပေါင်း ၁၅၀ ခန့်ကို ၁၉၉၄ ခုနှစ် အောက်တိုဘာလက ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ အဏ္ဏဝါပြတိုက်တွင် အများပြည်သူကြည့်ရှုနိုင်ရန် စတင်ပြသခဲ့သည်။ အံ့သြဖွယ်ကောင်းသည့်အချက်မှာ တိုက်တန်းနစ်သင်္ဘော၏ သံမဏိထည်အစိတ်အပိုင်းများသည် ပင်လယ်ရေအောက်တွင် နှစ်ပေါင်း ၈၀ ကျော်နေခဲ့ရသော်လည်း တိုက်စားမှုလုံးဝမရှိခဲ့ခြင်းပင်ဖြစ်သည်။

**ရရှိခဲ့သောသင်ခန်းစာများ**

အကယ်၍သာ တိုက်တန်းနစ်သင်္ဘောသည် ရေခဲတောင်ကြီးကို ရှောင်လွှဲခြင်းမပြုနိုင်ဘဲ တည့်တည့်ဝင်တိုက်ခဲ့မည်ဆိုပါက သင်္ဘောဦးပိုင်းရှိ အခန်းတချို့သာ ပျက်စီးသွားဖွယ်ရှိပြီး ယခုကဲ့သို့ စုံးစုံးမြုပ်ရသည့်အဖြစ်ဆိုးမျိုးကို ကြုံတွေ့ခဲ့ရမည်မဟုတ်ပေ။ တကယ့်ဖြစ်ရပ်၌မူ ရေခဲတောင်ကြီးကို ရှောင်တိမ်းလိုက်သည့်အတွက် တိုက်တန်းနစ်သင်္ဘော၏ ဘေးတစ်လျှောက်မှ သံမဏိပြားများသည် မာကျောလှသောရေခဲတောင်ကြီးနှင့် ပွတ်တိုက်မိခဲ့သည့်အတွက် ကျိုးပဲ့ပြီးသင်္ဘောကိုယ်ထည်ကို ပွင့်ထွက်သွားစေခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ရေကြောင်းပို့ဆောင်ရေးလောကတွင် တိုက်တန်းနစ်သင်္ဘောကြီး၏အဖြစ်သနစ်မှတစ်ဆင့် ဆင်ခြင်သတိပြုဖွယ်ရာသင်ခန်းစာများစွာကို ရရှိခဲ့ကြသည်။ ထိုထိုသောသင်ခန်းစာပေါင်းများစွာထဲမှ သိပ္ပံပညာရှင်တို့အတွက် ကြီးမားသောနည်းပညာဆိုင်ရာသင်ခန်းစာတချို့ကိုလည်း ရရှိခဲ့ကြသည်။

တိုက်တန်းနစ်သင်္ဘောကြီးကို ခမ်းနားကြီးကျယ်စွာ တည်ဆောက်ခဲ့သည်ဟုဆိုသော်လည်း ခမ်းနားကြီးကျယ်မှုနှင့် လိုက်လျောညီထွေမဖြစ်ခဲ့သောနည်းပညာအားနည်းချက်များသည် အကြီးမားဆုံးသောသင်ခန်းစာဖြစ်ခဲ့သည်။ ထိုစဉ်က သံမဏိပြားများကို ထုတ်လုပ်ရာတွင် တူးဖော်ရရှိသော သံမဏိအရိုင်းများ၌ ပါဝင်ဖွဲ့စည်းနေသော ဆာလ်ဖာပါဝင်ကိန်းကိုလျှော့ချခြင်း မပြုနိုင်ခဲ့သည့်အတွက် ဆာလ်ဖာပါဝင်ကိန်းမြင့်မားသော သံမဏိပြားများ၏ Tensile Strength ခေါ် ဆန့်ထွက်နိုင်သည့်အားမှာ သင်္ဘောတည်ဆောက်မှုနှင့် လားလားမျှမထိုက်တန်အောင်ပင် နိမ့်ကျနေခဲ့သည်။

ကြွပ်ဆတ်ပြီး အလွယ်တကူကျိုးပဲ့နိုင်သော သင်္ဘောသံမဏိပြားများသည် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးရမှုနှင့် ကြီးမားသောပျက်စီးမှုများကို ဖြစ်ပွားစေခဲ့သည့်အပြင် ကမ္ဘာ့အရပ်ရပ်ရှိ အများပြည်သူတို့၏ စိတ်နှလုံးကိုပါ တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။

တိုက်တန်းနစ်သင်္ဘောကြီးတွင် လိုက်ပါခဲ့ကြသော ခရီးသည် ဦးရေ ၂၂၂၇ ဦးအတွက် အရေးပေါ်အသုံးပြုနိုင်သည့်အသက်ကယ်လှေအရေအတွက်မှာ ခရီးသည်နှင့်မမျှအောင် အလွန်ပင်နည်းပါးခဲ့သည့်အတွက် အသက်ကယ်လှေများဖြင့် ထွက်ခွာခြင်းမပြုနိုင်သော ခရီးသည်ဦးရေ ၁၅၀၀ ကျော်တို့ အသက်ဆုံးရှုံးခဲ့ကြရသည်။

တိုက်တန်းနစ်သင်္ဘောကြီး၏နစ်မြုပ်မှုမှာ မြန်ဆန်လွန်းသည်ဟုဆိုသည့်တိုင် အကယ်၍ ဤမျှ မြန်မြန်ဆန်ဆန်နစ်မြုပ်ခဲ့လျှင် ဆိုသည့်အချက်ကို ကြိုကြိုတင်တင်မတွေးမိခဲ့ကြခြင်းကြောင့်လည်း အချိန်တိုအတွင်း၌ ကြီးမားသောပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။

တိုက်တန်းနစ်သင်္ဘောကြီးနစ်မြုပ်စဉ်က မာကိုနီ၏ ကြိုးမဲ့ကြေးနန်းကုမ္ပဏီဝန်ထမ်း ဒေးဗစ်ဆန်းနော့ဖ်သည် တိုက်တန်းနစ်သင်္ဘောကြီးပေါ်တွင် လိုက်ပါတာဝန်ထမ်းဆောင်ခဲ့ပြီး သင်္ဘောကြီးဘေးဒုက္ခကျရောက်မှုအခြေအနေကို အခြားသင်္ဘောများဆီသို့ အကြောင်းကြားသတင်းပေးပို့ခဲ့သော်လည်း ထိုစဉ်က ကုန်သွယ်ရေကြောင်းလောကတွင် မြန်နှုန်းမြင့်ရေယာဉ်ငယ်များကို တည်ဆောက်ခြင်းမပြုနိုင်သေးသည့်အတွက် အချိန်မီကယ်ဆယ်ခြင်းမပြုနိုင်ဘဲ အသက်ပေါင်းများစွာဆုံးရှုံးခဲ့ကြရခြင်းဖြစ်သည်။

တိုက်တန်းနစ်သင်္ဘောကြီးမတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် နှစ်ပေါင်း ၁၀၀ အကြာတွင်မှ စကြဝဠာအတွင်းရှိ နက္ခတ်သိပ္ပံဆိုင်ရာဖြစ်စဉ်တစ်ခုက တိုက်တန်းနစ်သင်္ဘောကြီးနှင့်တကွ လူ့အသက်ပေါင်း ၁၅၀၀ ကျော်ကို ဇီဝိန်ချုပ်ငြိမ်းစေခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

၁၉၁၂ ခုနှစ် ဧပြီလက နှစ်ပေါင်း ၁၄၀၀ လျှင် တစ်ကြိမ်သာဖြစ်ပေါ်နိုင်သည့် ကမ္ဘာနှင့်လအနီးကပ်ဆုံးသောဖြစ်စဉ်သည် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်ကို သာမန်ထက် ထူးကဲစွာမြင့်တက်စေခဲ့သည်။ အလွန်ထူးကဲလှသောဒီရေတက်မှုကြောင့် နယူးဖောင်လန်ကျွန်းဒေသတစ်ဝိုက်ရှိ ရေခဲမရေခဲတောင်ကြီးများသည် ပင်လယ်ကြမ်းပြင်မှကြွတက်ကာ ပင်လယ်ရေပြင်တွင် မျောပါရွေ့လျားခဲ့ကြသည်။

သာမန်ဒီရေတက်ချိန်များတွင်မူ အဆိုပါရေခဲတောင်ကြီးများသည် ထုထည်နှင့်အရွယ်ပမာဏကြီးမားလွန်းလှသဖြင့် ပင်လယ်ကြမ်းပြင်မှ ကြွတက်နိုင်ခြင်းမရှိပေ။ တန်ချိန်နှစ်သိန်းအလေးချိန်ရှိသော ရေခဲတောင်ကြီးသည် တိုက်တန်းနစ်သင်္ဘောနှင့်တိုက်မိစဉ်က ရွေ့လျားမျောပါနှုန်း တစ်နာရီလျှင် ၂၆ မိုင်ရှိနေခဲ့သည်။ ထိုစဉ်ကာလများက ပင်လယ်နှင့် သမုဒ္ဒရာများတွင် ရေခဲတောင်များ လေ့လာစောင့်ကြည့်ရေးအစီအစဉ်ကို ချမှတ်နိုင်ခြင်းမရှိခဲ့သဖြင့် ထိုသို့သောအဖြစ်ဆိုးမျိုးကို ကြုံတွေ့ခဲ့ကြရခြင်းလည်းဖြစ်သည်။

မျက်မှောက်ကာလ၌မူ တိုက်တန်းနစ်သင်္ဘောကြီး၏ အဖြစ်သနစ်ကပေးခဲ့သည့် ကြီးမားသောသင်ခန်းစာများကို ရယူလျက် သင်္ဘောတည်ဆောက်မှုနည်းပညာများကို အဆင့်မြင့်တင်လာနိုင်ခဲ့ပြီဖြစ်ရာ ပြောင်းလဲတိုးတက်လာသောသံမဏိသန့်စင်ထုတ်လုပ်ရေးနည်းပညာ၊ မိုဘိုင်းဆက်သွယ်ရေးကွန်ရက်၊ ဂြိုဟ်တုလမ်းပြမြေပုံစနစ်၊ ကုန်သွယ်ရေကြောင်းလုံခြုံရေးအစီအမံ၊ ရေခဲတောင်လေ့လာစောင့်ကြည့်သတိပေးရေးစီမံချက်၊ အရေးပေါ်လေကြောင်းအကူအညီပေးရေးအစီအစဉ်စသောအဆင့်မြင့်နည်းပညာများက ကုန်သွယ်ရေကြောင်းလောကအတွက် လုံခြုံစိတ်ချရမှုအပြည့်အဝရှိနေစေပြီဖြစ်ပေသည်။

❖ ကြွပ်ဆတ်ပြီး အလွယ်တကူကျိုးပဲ့နိုင်သော သင်္ဘောသံမဏိပြားများသည် လူ့အသက်ပေါင်းများစွာဆုံးရှုံးရမှုနှင့် ကြီးမားသောပျက်စီးမှုများကိုဖြစ်ပွားစေခဲ့သည့်အပြင် ကမ္ဘာ့အရပ်ရပ်ရှိ အများပြည်သူတို့၏စိတ်နှလုံးကိုပါ တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ တိုက်တန်းနစ်သင်္ဘောကြီးတွင် လိုက်ပါခဲ့ကြသော ခရီးသည်ဦးရေ ၂၂၂၇ ဦးအတွက် အရေးပေါ်အသုံးပြုနိုင်သည့်အသက်ကယ်လှေအရေအတွက်မှာ ခရီးသည်နှင့်မမျှအောင်အလွန်ပင်နည်းပါးခဲ့သည့်အတွက် အသက်ကယ်လှေများဖြင့် ထွက်ခွာခြင်းမပြုနိုင်သောခရီးသည်ဦးရေ ၁၅၀၀ ကျော်တို့ အသက်ဆုံးရှုံးခဲ့ကြရသည်။ ❖

---

## ဘားအံမြို့နယ် တံတားဦးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဘားအံ ဇူလိုင် ၁၀**


ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) ဆောင်ရွက်မည့် ကော့ကဒါကျေးရွာအုပ်စု တံတားဦးကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၉ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်က အမှာစကားပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းစဉ်နှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများလိုက်နာရမည့် တာဝန်များနှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တံတားဦးကျေးရွာ၌ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အိုအို**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# ပစ်မှတ်

- ရန်သူ့ဆီသို့
ဦးတည်ပစ်ခွင်း ထိချက်ပြင်းသည့်
တစ်စင်းမြားတံ သမိုင်းကျန်၏။

- သားကောင်ဆီသို့
ဦးတည်ပစ်ခွင်း ထိချက်ပြင်းသည့်
တစ်စင်းမြားတံ သမိုင်းကျန်၏။

- စက်ကွင်းဆီသို့
ဦးတည်ပစ်ခွင်း ထိချက်ပြင်းသည့်
တစ်စင်းမြားတံ သမိုင်းကျန်၏။

- ပစ်မှတ်ဦးတည် မရွယ်ရည်ဘဲ
ဘယ်ဆီရောက်ရောက် ဘယ်ပေါက်ပေါက်ဟု
လေးမြှောက်ပစ်ခွင်း မြားတစ်စင်းမူ
ပြင်းသည့်မာန်ဟုန် အရှိန်ကုန်တော့
ချုံကြားမြေပြင် ဘယ်သောင်တင်လိမ့်
တောင်စဉ်သော်မှ ရေမရသို့
ဘဝမပီ လှမမည်နှင့်
မတည်ဂုဏ်လှိုင်း အဖြစ်ရိုင်းပြီ
သမိုင်းဘယ်မှာ ချန်သနည်း။ ။

**ချစ်စုအောင်**

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ CMP အထည်များ နိုင်ငံတကာသို့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၆၅ ဒသမ ၁၉၅ သန်း ရရှိခဲ့

**နေပြည်တော် ဇူလိုင် ၁၀**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ မြန်မာနိုင်ငံက CMP အထည်များ နိုင်ငံတကာသို့တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၆၅ ဒသမ ၁၉၅ သန်း ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက ပြောပြ၍ သိရသည်။



လက်ရှိ မြန်မာနိုင်ငံအတွင်း CMP စက်ရုံ၊ အလုပ်ရုံများတွင် တရုတ်နိုင်ငံက အများဆုံးရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပြီး တရုတ်(တိုင်ပေ)၊ ထိုင်း၊ ကိုရီးယားနှင့်ဂျပန်နိုင်ငံတို့ကလည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြောင်း၊ CMP အထည်များကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဥရောပနိုင်ငံများသို့တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီလမှဇွန်လထိ CMP အထည်များ နိုင်ငံတကာသို့ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၆၅ ဒသမ ၁၉၅ သန်း ရရှိခဲ့ကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ မတ်လကုန်ထိ ပြည်ပကို CMP အထည်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၅၅၁ သန်းလောက် ရရှိခဲ့ပါတယ်။ ဒီဘဏ္ဍာနှစ် ဧပြီလကနေ ဇွန်လထိ CMP အထည် ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၈၆၅ ဒသမ ၁၉၅ သန်း ရရှိထားပါတယ်။ ဒီဘဏ္ဍာနှစ်မှာ CMP အထည်တွေ တိုးမြှင့်တင်ပို့နိုင်ဖို့အတွက် လုပ်ငန်းရှင်တွေ၊ အသင်းအဖွဲ့တွေနဲ့ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက ပြောပြသည်။

အဆိုပါ CMP အထည်လုပ်ငန်းများ အများဆုံးတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် အဝတ်အထည်ချုပ်လုပ်ငန်း ၅၀၅ ရုံ၊ ဖိနပ်ချုပ်လုပ်ငန်း ၄၈ ရုံ၊ ဆံပင်တုလုပ်ငန်းရှစ်ရုံ၊ အခြားသောအိတ်ချုပ်လုပ်ငန်း၊ အားကစားဝတ်စုံ၊ အားကစားဖိနပ်၊ ခြေအိတ်ချုပ်လုပ်ငန်း လုပ်ကိုင်နေသည့် စက်ရုံ၊ အလုပ်ရုံ ၁၇၇ ရုံဖြစ်ပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လည်ပတ်နေကြောင်း သိရသည်။

**ASH**

# ဖြူးမြို့နယ် ရှမ်းမင်းလမ်းကူးကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းပြုလုပ်

**ဖြူး ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရှမ်းမင်းလမ်းကူးကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၉ ရက်က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မင်းညွန့်က ကျေးရွာကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် တာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**

# ရပ်စောက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချ

**ရပ်စောက် ဇူလိုင် ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စေရန်နှင့် ငွေစာရင်းပုံစံများဖြည့်သွင်းရာတွင် လွယ်ကူအဆင်ပြေစေရန် ရည်ရွယ်၍ ကျေးရွာကော်မတီဝင်များကို စီမံကိန်းဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရွှေရယ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီလာမွန်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်များ၊ စည်းကမ်းချက်များ၊ ရန်ပုံငွေများ ဆုံးရှုံးမှုမရှိစေရေးအတွက် ငွေစာရင်းထိန်းသိမ်းခြင်းနှင့် လအလိုက်ဖြည့်သွင်းရသည့် ငွေစာရင်းပုံစံများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျောက်တောကျေးရွာ၊ နောင်ဖန်ကျေးရွာ၊ မြို့ဦး(၁)ကျေးရွာ၊ မြို့ဦး(၂)ကျေးရွာ၊ ပန်းကုန်းမကျေးရွာ၊ ဆူးပုတ်ကုန်းကျေးရွာ၊ တောရကျေးရွာ၊ အောင်မြေအင်းကျေးရွာ၊ သရက်သုံးပင်ကျေးရွာနှင့် ဝန်စိုကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို စာတွေ့၊ လက်တွေ့ဖြင့် တစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရွှေရယ်ထံမှ သိရသည်။

**မောင်ခိုင်**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## နိုင်ငံတကာ သတင်းများ

# ရုရှားသမ္မတပူတင် ပရီဂိုဇင်နှင့် ဝဂ္ဂနာအုပ်စုတပ်မှူးများကို ကရင်မလင်နန်းတော်၌ တွေ့ဆုံခဲ့ဟုဆို



**မော်စကို ဇူလိုင် ၁၀**

ရုရှားသမ္မတ ပူတင်သည် မော်စကိုမြို့တော် ကရင်မလင်နန်းတော်၌ ဝဂ္ဂနာပုဂ္ဂလိကလက်နက်ကိုင်အုပ်စုခေါင်းဆောင် ယက်ဗ်ဂျင်နီပရီဂိုဇင်နှင့် တွေ့ဆုံခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားသမ္မတပူတင်က ကရင်မလင်နန်းတော်သို့ဖိတ်ခေါ်တွေ့ဆုံခဲ့သော ဝဂ္ဂနာတပ်မှူး ၃၅ ဦးထဲတွင် ဝဂ္ဂနာအုပ်စုခေါင်းဆောင် ပရီဂိုဇင်လည်း ပါဝင်ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

ရုရှားသမ္မတပူတင်သည် ဝဂ္ဂနာအုပ်စု၏ လက်နက်ကိုင်ပုန်ကန်မှုပျက်ပြားခဲ့ပြီးနောက် ဝဂ္ဂနာခေါင်းဆောင် ပရီဂိုဇင်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ဝဂ္ဂနာအုပ်စုပုန်ကန်မှုသည် ဇွန် ၂၃ ရက်တွင်စတင်၍ ၂၄နာရီသာ ကြာမြင့်ခဲ့ပြီးနောက် ပျက်ပြားခဲ့သည်။

ရုရှားသမ္မတပူတင်သည်ပရီဂိုဇင်အပါအဝင် ဝဂ္ဂနာအုပ်စုတပ်မှူးများကို ဝဂ္ဂနာအုပ်စုပုန်ကန်မှုဖြစ်ပွားခဲ့ပြီး ငါးရက်အကြာ ဇွန် ၂၉ ရက်တွင်ခေါ်ယူတွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲသည် သုံးနာရီထိကြာမြင့်ခဲ့သည်ဟု ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

KKO

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် လန်ဒန်မြို့၌ ဗြိတိန်ဝန်ကြီးချုပ် ဆူနက်ခ်နှင့်တွေ့ဆုံ

**လန်ဒန် ဇူလိုင် ၁၀**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ယနေ့တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ဗြိတိန်ဝန်ကြီးချုပ် ရီရှီဆူနက်ခ်နှင့် တွေ့ဆုံခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)ထိပ်သီးညီလာခံတက်ရောက်ရေးအတွက် လစ်သူယေးနီးယားနိုင်ငံသို့ မသွားရောက်မီ ဗြိတိန်သို့ ဦးစွာသွားရောက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် ဗြိတိန်ဘုရင် ချားလ်-၃ နှင့်လည်း ဝင်ဆာရဲတိုက်၌ယနေ့ညနေပိုင်းတွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ချားလ်ဘုရင်နှင့် အမေရိကန်သမ္မတတို့အနေဖြင့် ဝင်ဆာရဲတိုက်ဆွေးနွေးပွဲတွင် ရာသီဥတုပြောင်းလဲမှုပြဿနာကို အဓိကထားဆွေးနွေးကြဖွယ်ရှိသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ယနေ့တွင် အင်္ဂလန်နိုင်ငံမှ လစ်သူယေးနီးယားနိုင်ငံ ဗီးလ်နီးယပ်စ်မြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး နေတိုးထိပ်သီးညီလာခံတက်ရောက်မည်ဖြစ်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဗြိတိန်ဝန်ကြီးချုပ် ဆူနက်ခ်တို့၏ ယနေ့တွေ့ဆုံမှုသည် ပဉ္စမမြောက်တွေ့ဆုံမှု ဖြစ်ကြောင်း သိရသည်။

KKO



# တရုတ်နှင့် ဆော်လမွန်ကျွန်းစုနိုင်ငံတို့၏ ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူညီချက် လက်မှတ်ရေးထိုး

**ပေကျင်း ဇူလိုင် ၁၀**

တရုတ်နိုင်ငံနှင့် ဆော်လမွန်ကျွန်းစုနိုင်ငံတို့သည် ယနေ့တွင် ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နှစ်နိုင်ငံကြား ဆက်ဆံရေးကို ကျယ်ပြန့်သည့် မဟာဗျူဟာမြောက် မိတ်ဖက် ဆက်ဆံရေးအဆင့်သို့ မြှင့်တင်ရေးအစီအစဉ်အရရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို တရုတ်နှင့်ဆော်လမွန်ကျွန်းစုတို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဆော်လမွန်ကျွန်းစုဝန်ကြီးချုပ် မာနာဆီဆိုဂါဗာရီနှင့် တရုတ်ဝန်ကြီးချုပ် လီချန်တို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးပြီးနောက် ရဲတပ်ဖွဲ့ပူးပေါင်း ဆောင်ရွက်ရေးသဘောတူညီချက်ကို တရုတ်နှင့်ဆော်လမွန်ကျွန်းစု တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆော်လမွန်ကျွန်းစု နိုင်ငံသည် လွန်ခဲ့သည့်လေးနှစ်က တရုတ်(ထိုင်ပေ)နှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်၍ တရုတ်နိုင်ငံနှင့် တရားဝင်သံတမန် ဆက်ဆံရေးစတင်ထားရှိခဲ့သည်။

ဆော်လမွန်ကျွန်းစုဝန်ကြီးချုပ် ဆိုဂါဗာရီသည် ပေကျင်းခရီးစဉ်အတွင်း တရုတ်သမ္မတရှီကျင့်ဖျင်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးတည်ဆောက်ရန် သဘောတူခဲ့ကြသည်။

တရုတ်နှင့် ဆော်လမွန်ကျွန်းစုနိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်ကလည်း လုံခြုံရေးသဘောတူညီချက်တစ်ရပ် ရယူခဲ့ရာ အမေရိကန်နိုင်ငံနှင့် ဩစတြေးလျအပါအဝင် ပစိဖိတ်ဒေသနိုင်ငံအချို့ လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရကြောင်း သိရသည်။

KKO



# အမေရိကန်ကင်းထောက်လေယာဉ်များကို ပစ်ချရဖွယ်ရှိကြောင်း မြောက်ကိုရီးယားသတိပေး

**ပြုံယမ်း ဇူလိုင် ၁၀**

ကင်းထောက် ပျံသန်းမှုများ ပြုလုပ်နေခြင်းဖြင့် အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယား ဝေဟင်ပိုင်နက်ကို ချိုးဖောက်နေကြောင်း မြောက်ကိုရီးယား အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် စွပ်စွဲလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် ကင်းထောက်လုပ်ငန်းအတွက် မြောက်ကိုရီးယားဝေဟင်ပိုင်နက်ကို ချိုးဖောက်ခဲ့သော အမေရိကန် လေယာဉ်များအား ပစ်ချရဖွယ်ရှိကြောင်းလည်းမြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကြောင့် ကိုရီးယားကျွန်းဆွယ်၌ အခြေအနေတင်းမာနေစဉ် မြောက်ကိုရီးယားနိုင်ငံ၏ အဆိုပါစွပ်စွဲချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ကိုရီးယားကျွန်းဆွယ် အရှေ့ပိုင်းရေပြင်အတွင်း အမေရိကန် လေတပ်မဟာဗျူဟာကင်းထောက်လေယာဉ်တစ်စင်း ပစ်ချခံရမှုဖြစ်စဉ်မျိုး ဖြစ်လာလိမ့်မည်မဟုတ်ဟုမည်သူကမျှအာမမခံနိုင်ကြောင်း မြောက်ကိုရီးယား အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ကိုရီးယားကျွန်းဆွယ်အနီး အမေရိကန် ထောက်လှမ်းရေးလေယာဉ်များပျံသန်းမှုများကို ရှေးယခင်ကလည်း မကြာခဏကန့်ကွက်ခဲ့ဖူးသည်။

မြောက်ကိုရီးယား အစိုးရ၏ ဇူလိုင် ၁၀ ရက် စွပ်စွဲချက်နှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်က တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

KKO

# ဆီနီဂေါမှ စပိန်နိုင်ငံ ကနေရီကျွန်းသို့ရေယာဉ်ဖြင့်ဝင်ရောက်ခဲ့သည့် ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၃၀၀ ပင်လယ်ပြင်အတွင်း ပျောက်ဆုံး

**မက်ဒရစ် ဇူလိုင် ၁၀**

ဆီနီဂေါနိုင်ငံမှ စပိန်နိုင်ငံကနေရီကျွန်းသို့ ရေယာဉ်သုံးစီးဖြင့် ဝင်ရောက်လာသော အနည်းဆုံး ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ၃၀၀ တို့မှာ ပင်လယ်ပြင်အတွင်း ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၉ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါရေယာဉ် သုံးစီးအနက် လူပေါင်း ၆၀ ဝန်းကျင်စီတင်ဆောင်ထားသော ရေယာဉ်နှစ်စီးသည် ဆီနီဂေါမှ စပိန်သို့ထွက်ခွာလာပြီးနောက်ပိုင်း ၁၅ရက်ကြာပျောက်ဆုံးနေကြောင်း ရွှေ့ပြောင်းဝင်ရောက်သူများကူညီရေးအဖွဲ့အစည်းများ၏ အဆိုအရ သိရသည်။

ထို့ပြင် လူပေါင်း ၂၀၀ ခန့်တင်ဆောင်ထားပြီး ဆီနီဂေါနိုင်ငံမှ ဇွန် ၂၇ ရက်တွင်ထွက်ခွာလာသော ရေယာဉ်တစ်စီးသည်လည်း ပျောက်ဆုံးနေကြောင်း ရွှေ့ပြောင်းဝင်ရောက်သူများကူညီရေးအဖွဲ့များက ပြောကြားထားသည်။

ဆီနီဂေါနိုင်ငံမှ အဆိုပါရေယာဉ်များထွက်ခွာခဲ့ပြီးနောက်ပိုင်း ယင်းရေယာဉ်များဖြင့် လိုက်ပါသွားသူများနှင့် သက်ဆိုင်ရာမိသားစုဝင်များ အဆက်အသွယ်ပြတ်တောက်လျက်ရှိသည်။

အဆိုပါရေယာဉ် သုံးစီးစလုံးသည် စပိန်နိုင်ငံ ကနေရီကျွန်းစုအတွင်းရှိ တီနာရီဖီကျွန်းနှင့် မိုင် ၁၀၀၀ကျော်ကွာဝေးသော ဆီနီဂေါနိုင်ငံတောင်ပိုင်း ကာဖောင်တိန်ဒေသမှ ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရသည်။

မြောက်အာဖရိက ကမ်းရိုးတန်းကမ်းလွန်၌တည်ရှိသော ကနေရီကျွန်းစုသည် စပိန်သို့ သွားလိုသောအာဖရိကနွယ်ဖွား တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများ၏ အဓိကခရီးလမ်းကြောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို ဇူလိုင် ၉ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း ဇူလိုင် ၁၀**

တရုတ်နိုင်ငံသည် နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို ဇူလိုင် ၉ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားတင်ပြထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် အဆိုပါနည်းပညာစမ်းသပ်ဂြိုဟ်တုကို လောင်းမတ်ချ်-၂ စီ ဒုံးပျံဖြင့် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချီကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးမကြာမီတွင်ပင် လောင်းမတ်ချ်-၂ စီဒုံးပျံသည် နည်းပညာစမ်းသပ်ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည်ကမ္ဘာပတ်လမ်းကြောင်းပေါ်မှတစ်ဆင့် ဂြိုဟ်တုအင်တာနက်နည်းပညာစမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက ထုတ်ပြန်ထားသည်။

ဇူလိုင် ၉ ရက် မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၄၇၈ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၆၀ ထိ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO


## သမိုင်းမတင်မီခေတ် အကြီးဆုံးကျောက်ခေတ်လက်နက်များထဲတွင် ပါဝင်သောကျောက်လက်နက်များကို ရှာဖွေတွေ့ရှိထား

**လန်ဒန် ဇူလိုင် ၁၀**


သမိုင်းမတင်မီခေတ် အကြီးဆုံးကျောက်ခေတ်လက်နက်များထဲတွင် ပါဝင်သော ကျောက်လက်နက်များကို ဗြိတိန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါကျောက်လက်နက်များကို ကန့်ဒေသ မက်ဝေးတောင်ကြားနယ်မြေရှိ ရေခဲခေတ်အနည်ကျမြေလွှာအောက်တွင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဗြိတိန်သိပ္ပံပညာရှင်များတွေ့ရှိခဲ့သည့် ကျောက်ခေတ်လက်နက်အမျိုးပေါင်း ၈၀၀ ထဲတွင် ကြီးမားသော လက်ကိုင်ပုဆိန်များသဖွယ် အသုံးပြုနိုင်သော ကျောက်သားဖြတ်စလက်နက်နှစ်မျိုးလည်းပါဝင်ကြောင်း သိရသည်။







အဆိုပါ ကျောက်ခေတ်လက်နက်များသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၃၀၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

သို့ရာတွင် မိမိတို့တွေ့ရှိထားသော ကျောက်ခေတ်လက်ကိုင်ပုဆိန်များမှာ လွန်စွာကြီးမားသည်ဖြစ်ရာ ၎င်းတို့ကိုမည်သို့မည်ပုံကိုင်တွယ်အသုံးချခဲ့ကြသည်မှာ ပြောရခက်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗြိတိန်သိပ္ပံပညာရှင်များတွေ့ရှိခဲ့သည့် ကျောက်ခေတ်လက်ကိုင်ကျောက်ပုဆိန်များမှာ အရှည် ၂၂ စင်တီမီတာကျော် ရှိကြောင်း သိရသည်။

KKO

## JUICE အာကာသယာဉ်က ခရမ်းလွန်ရောင်ခြည်ရောင်စဉ်လှိုင်းပုံရိပ်ဖော်စနစ်ကို ပဏာမအဆင့်အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

**ပဲရစ် ဇူလိုင် ၁၀**

ဥရောပအာကာသအေဂျင်စီ၏ JUICE အာကာသယာဉ်သည် ခရမ်းလွန်ရောင်ခြည်ရောင်စဉ်လှိုင်းပုံရိပ်ဖော်စနစ်(UVS)ကို ပဏာမအဆင့်အနေဖြင့်အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း Spaceflight.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

JUICE အာကာသယာဉ်သည် UVS စနစ်ကိုသုံး၍ ကြာသပတေးဂြိုဟ်၏ ရေခဲဂြိုဟ်ရံလများကိုလေ့လာစူးစမ်းရန် စီစဉ်ထားကြောင်း သိရသည်။

UVS စနစ်သည် JUICE မစ်ရှင်အတွက် အမေရိကအစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ဖြည့်ဆည်းပေးထားသည့် စူးစမ်းလေ့လာရေးစနစ် သုံးမျိုးထဲတွင် ပါဝင်သည်။

JUICE အာကာသယာဉ်သည် UVS စူးစမ်းလေ့လာရေးစနစ်ကို ဇွန် ၂၀ ရက်တွင် ပဏာမအဆင့် စမ်းသပ်မှုများစတင်ပြုလုပ်ခဲ့သည်။

စမ်းသပ်မှု ကာလအတွင်း JUICE အာကာသယာဉ်သည် UVS စူးစမ်းလေ့လာရေးစနစ်ကို အသုံးပြု၍ နဂါးငွေ့တန်းကြယ်စုကို ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း ဥရောပ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဥရောပအာကာသအေဂျင်စီသည် ကြာသပတေးဂြိုဟ် ဂြိုဟ်ရံလများလေ့လာရေးမစ်ရှင်အတွက် JUICE အာကာသယာဉ်ကို ယခုနှစ် ဧပြီ ၁၄ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## အမျိုးသမီးများ အဆုတ်ကင်ဆာဖြစ်ပွားမှုက ယခုနှစ်အတွင်း အမျိုးသားများထက်ကျော်လွန်နိုင်

**လန်ဒန် ဇူလိုင် ၁၀**

အမျိုးသမီးများကြား အဆုတ်ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းသည် အမျိုးသားများကြားဖြစ်ပွားနှုန်းကို ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျော်လွန်သွားနိုင်ကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

ဗြိတိန်အခြေစိုက် ကင်ဆာရောဂါ သုတေသနအင်စတီကျု၏ လေ့လာချက်အရ ဗြိတိန်နိုင်ငံ၌ ယခုနှစ်အတွင်း အမျိုးသမီးများကြား အဆုတ်ကင်ဆာဖြစ်ပွားမှုမှာ ၂၇၃၃၂ မှုထိ ရှိနိုင်ကြောင်း သိရသည်။

ယခုနှစ်အတွင်း အမျိုးသားများကြား အဆုတ်ကင်ဆာဖြစ်ပွားမှုမှာ ၁၇၁၇၂ မှုထိရှိနိုင်ကြောင်း သုတေသနပညာရှင်များက တွက်ချက်ထားသည်။

သို့ဖြစ်ရာ ဗြိတိန်အမျိုးသမီးများကြား အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းသည် အမျိုးသားများကြားဖြစ်ပွားမှုနှုန်းကို ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျော်လွန်သွားလိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

ထို့ပြင် အမျိုးသားများနှင့်အမျိုးသမီးများကြား အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းကွာဟချက်မှာ ၂၀၄၀ ပြည့်နှစ်အရောက်တွင် ပို၍ကျယ်ပြန့်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဆုတ်ကင်ဆာရောဂါသည် ဗြိတိန်နိုင်ငံ၌ သေဆုံးမှုနှုန်းအမြင့်ဆုံးကင်ဆာရောဂါများထဲတွင်ပါဝင်ပြီး နှစ်စဉ် ၎င်းရောဂါကြောင့် လူဦးရေ ၃၄၀၀၀ ထိ သေဆုံးနေကြရကြောင်း သိရသည်။ KKO

## အယ်ဇိုင်းမားရောဂါလျှော့ချပေးနိုင်မည့်ဆေးကို အမေရိကန်နိုင်ငံ၌ လက်တွေ့သုံးစွဲကုသခွင့်ရရှိထား

**နယူးယောက် ဇူလိုင် ၁၀**

အယ်ဇိုင်းမားရောဂါတိုးလာမှုအရှိန်လျှော့ချပေးနိုင်မည့် ပထမဆုံးဆေးဝါးကို အမေရိကန်နိုင်ငံ၌ လူနာများအတွက် လက်တွေ့သုံးစွဲကုသခွင့် ရရှိထားပြီဖြစ်ကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

Lecanemab (Leqembi) အမည်ရှိ အဆိုပါအယ်ဇိုင်းမားဆေးသစ်ကို လူနာများ၌ အသုံးပြုခွင့်ပေးရန် အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA)က အတည်ပြုချက်ပေးထားကြောင်း သိရသည်။

FDA ၏ အထက်ပါဆုံးဖြတ်ချက်ကို အယ်ဇိုင်းမားရောဂါကုသရေးကြိုးပမ်းမှုများအတွက် အဓိကခြေလှမ်းတစ်ရပ်အဖြစ် ဆေးပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အယ်ဇိုင်းမားလူနာများဖြင့် ပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့်ရလဒ်များကို အခြေခံ၍ Lecanemab ဆေးကို အယ်ဇိုင်းမားလူနာများအတွက် အသုံးပြုခွင့်ပေးရန် FDA က ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Lecanemab ဆေးကို ဂျပန်နိုင်ငံ တိုကျိုမြို့တော် အီဆိုင်းတက္ကသိုလ်နှင့် Biogen အမည်ရှိ အမေရိကန်ဆေးကုမ္ပဏီတစ်ခုတို့က ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

လက်တွေ့စမ်းသပ်မှုမှ ထွက်ပေါ်လာသောရလဒ်များအရ ၎င်းဆေးဖြင့် ကုသမှုခံယူခဲ့ပြီး ၁၈ လအကြာတွင် စမ်းသပ်မှု၌ပါဝင်သည့် လူနာများ၏ တွေးတောဆင်ခြင်နိုင်စွမ်းကျဆင်းမှုမှာ စမ်းသပ်မှုမပြုလုပ်မီ ယခင်အခြေအနေနှင့်နှိုင်းယှဉ်လျှင် ၂၇ ရာခိုင်နှုန်း ပိုနည်းပါးသွားကြောင်း သိရသည်။

KKO






# နည်းပြအန်ဆယ်လော့တီနေရာတွင် ဇာဘီအလွန်ဆိုနှင့် အစားထိုးရန် ရီးရဲလ်ပြင်ဆင်

**မက်ဒရစ် ဇူလိုင် ၁၀**

ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီသည် လာမည့် ၂၀၂၄ ခုနှစ်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပါက ဘရာဇီးလက်ရွေးစင်အသင်းကို တာဝန်ယူကိုင်တွယ်မည် ဖြစ်သောကြောင့် ၎င်း၏နေရာတွင် လေဗာကူဆင်အသင်းနည်းပြဇာဘီအလွန်ဆိုနှင့် အစားထိုးရန် တာဝန်ရှိသူများက ပြင်ဆင်လျက်ရှိကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် နည်းပြအန်ဆယ်လော့တီသည် ဘရာဇီးလက်ရွေးစင်အသင်းကို ကိုင်တွယ်ရန်သဘောတူညီမှုရရှိထားသည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက လေဗာကူဆင်အသင်းကို ဥရောပပြိုင်ပွဲကစားခွင့်ရယူပေးထားသည့် ကစားသမားဟောင်း ဇာဘီအလွန်ဆိုကို ခန့်အပ်ရန် ပစ်မှတ်ထားနေသည်။

နည်းပြ ဇာဘီအလွန်ဆိုသည် ၂၀၁၉ ခုနှစ်က နည်းပြဘဝသို့စတင်ဝင်ရောက်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက လေဗာကူဆင်အသင်းကို တာဝန်ယူခဲ့ရာတွင် အသင်းအားယူရိုပါလိဂ်ပြိုင်ပွဲတွင်ဆီမီးဖိုင်နယ်ထိပို့ဆောင်ပေးခဲ့သည့်အပြင် အမှတ်ပေးပြိုင်ပွဲတွင်လည်း အဆင့် (၆) နေရာ၌ရပ်တည်နိုင်ခဲ့သောကြောင့် ဥရောပပြိုင်ပွဲ ကစားခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် နည်းပြသစ်နေရာအတွက် ဇီဒန်း၊ ဇာဘီအလွန်ဆို၊ ရာအူးလ်နှင့် အာဘယ်အိုလာတို့ကို ရွေးချယ်ထားသော်လည်း ကစားသမားဘဝတွင် လာလီဂါအတွေ့အကြုံကောင်းများရှိခဲ့ပြီး အသင်းနှင့် ငါးနှစ်ကြာလက်တွဲ၍ အောင်မြင်မှုများရယူနိုင်ခဲ့သော ဇာဘီအလွန်ဆိုကိုသာ နည်းပြ အန်ဆယ်လော့တီနေရာ၌ အစားထိုးရန် ဆုံးဖြတ်ထားပြီး မကြာမီဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ML



## အားကစားသတင်း အတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းက တိုက်စစ်မှူး ဟယ်ရီကိန်းကိုခေါ်ယူရန် လက်မလျှော့သေးဘဲ စတာလင်ပေါင် သန်း ၇၀ ဖြင့် ဒုတိယအကြိမ် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။
- ဒေးဗစ်ဖိုဖန်နာက ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့်ရထားသည့် ယူနီယံဘာလင်အသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက လူငယ်ကစားသမား အဲလက်စ်ကော်လာဒိုကို ဘက်တစ်အသင်းသို့ရောင်းချရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- အဲဗာတန်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာသွားသည့် အက်ရှ်လေယန်းကို လူတန်အသင်းက ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။
- ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းက လာဇီယိုကွင်းလယ်ကစားသမားမီလင်ကိုဗစ်ဆာဗစ်ကိုတစ်နှစ်လုပ်ခစတာလင်ပေါင် သန်း ၂၀ဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ML

# ကွန်ကာကပ်ဂိုးကပ်ဆီမီးဖိုင်နယ်အဆင့်သို့ အမေရိကန်အသင်း တက်ရောက်



**ဝါရှင်တန် ဇူလိုင် ၁၀**

ကွန်ကာကပ်ဂိုးကပ် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အိမ်ရှင်အမေရိကန်အသင်းနှင့် ကနေဒါအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာတွင် အမေရိကန်အသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်သို့တက်ရောက်နိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်အသင်းသည် အုပ်စုအဆင့်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေရှုံးပွဲမရှိဖြင့် ကွာတားအဆင့်တက်ရောက်နိုင်ခဲ့ပြီး နှစ်ပွဲနိုင်တစ်ပွဲသရေဖြင့် ကွာတားဖိုင်နယ်အဆင့်တက်ရောက်လာသည့် ကနေဒါအသင်းနှင့် တွေ့ဆုံခဲ့ရာတွင် ပွဲစကတည်းက အမေရိကန်အသင်းက ဖိအားပေးမှုများပြုလုပ်နိုင်ခဲ့ကာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများရှိခဲ့သော်လည်း ကနေဒါဂိုးသမားကလဲယား၏ လက်စွမ်းပြသနိုင်မှုကြောင့် သက်သာရာရခဲ့ပြီး ဒုတိယပိုင်းတွင် အမေရိကန်အသင်းက ဦးဆောင်ဂိုးရရှိရေးတိုက်စစ်မြင့်တင်ခဲ့ရာ ကနေဒါအသင်း၏ ခံစစ်ကစားပုံကြောင့် အခက်တွေ့ခဲ့ရပြီး ပွဲချိန် ၈၈ မိနစ်တွင် တိုက်စစ်မှူးဗက်ကွက်စ်က အမေရိကန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ကနေဒါအသင်းက ခံစစ်မှတိုက်စစ်ပြောင်း၍ ဖိအားပေးကစားခဲ့ရာ မိနစ် ၉၀ ကျော်တွင် ပင်နယ်တီ ပြစ်ဒဏ်မှချေပဂိုး ရရှိခဲ့သောကြောင့် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

အချိန်ပိုပွဲကစားချိန်၌ ကနေဒါအသင်းအနေဖြင့် ကစားပုံတိုးတက်လာသောကြောင့် အိမ်ရှင်အမေရိကန်အသင်းအခက်တွေ့ခဲ့ပြီး ပွဲချိန် ၁၀၉ မိနစ်တွင် ရှက်ဖယ်ဘက်က ကနေဒါအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သဖြင့် အမေရိကန်အသင်းက လူစားလဲမှုများပြုလုပ်၍ တိုက်စစ်မြင့်ကစားခဲ့ရာ ပွဲချိန် ၁၁၄ မိနစ်တွင် ကနေဒါခံစစ်ကစားသမား ကနေဒီက ကိုယ့်ဂိုးကိုသွင်းယူခဲ့မှုကြောင့် ချေပဂိုးပေးရပြီး ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။

ပင်နယ်တီ အဆုံးအဖြတ်တွင် ကနေဒါအသင်းက စတင်ကန်သွင်းခွင့်ရခဲ့သော်လည်း နှစ်ကြိမ်သာ ဂိုးရခဲ့ပြီး နှစ်ကြိမ်ကို အမေရိကန်ဂိုးသမား မက်တန်နာက ကာကွယ်ခဲ့ကာ တစ်ကြိမ်မှာ လွဲချော်ခဲ့သဖြင့် နှစ်ဂိုးသာရရှိခဲ့သကဲ့သို့ အမေရိကန်အသင်းက ပင်နယ်တီတစ်ကြိမ်သာ လွဲချော်ခဲ့ပြီး သုံးကြိမ်ကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သောကြောင့် သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ML

# ဖူလ်ဟမ်အသင်းနှင့် ပဲလေ့စ်အသင်းတို့က ဆာဂျီနိုဒက်စ်ကိုခေါ်ယူရန် အပြိုင်ကမ်းလှမ်း

**ဘာစီလိုနာ ဇူလိုင် ၁၀**

ဘာစီလိုနာအသင်းက ရောင်းချရန်ဆုံးဖြတ်ထားသည့် ခံစစ်ကစားသမား ဆာဂျီနိုဒက်စ်ကို ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် ဖူလ်ဟမ်အသင်းနှင့်ပဲလေ့စ်အသင်းတို့ကခေါ်ယူရန် အပြိုင်ကမ်းလှမ်းမှုများပြုလုပ်ခဲ့ကြောင်း Mundo Deportivo သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းကစားသမား ဆာဂျီနိုဒက်စ်သည် ပြီးခဲ့သည့်ဘောလုံးရာသီကအေစီမီလန်အသင်းသို့တစ်ရာသီအငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရာတွင် နည်းပြနှင့်အဆင်မပြေမှုများရှိခဲ့သဖြင့်ပြိုင်ပွဲစုံ ၁၄ ပွဲသာ ပါဝင်ကစားခဲ့ရပြီး ပုံစံကောင်းပြသရန် ရုန်းကန်ခဲ့ရသဖြင့် အသင်းကရောင်းချရန် ဆုံးဖြတ်ထားသကဲ့သို့ ပဲလေ့စ်အသင်းနှင့် ဖူလ်ဟမ်အသင်းတို့က ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းနည်းပြဇာဗီက ခံစစ်ပိုင်းလိုအပ်ချက်အတွက် ဗယ်လာဒိုးလစ်အသင်းညာတောင်ပံ ခံစစ်ကစားသမား ဖရက်စ်နီဒါကိုခေါ်ယူရန် ကြိုးပမ်းနေပြီး ဆာဂျီနိုဒက်စ်ကို ၎င်း၏ အနာဂတ်စီမံကိန်းတွင် ထည့်သွင်းခဲ့ခြင်းမရှိဘဲ အရောင်းစာရင်းတင်သွင်းခဲ့သောကြောင့် ကစားသမားအနေဖြင့်လည်း အသင်းမှထွက်ခွာရန် သေချာလျက်ရှိသည်။

ဆာဂျီနိုဒက်စ်သည် ၂၀၂၀ ပြည့်နှစ်က ပြောင်းရွှေ့ကြေး ယူရို ၂၆ သန်းဖြင့်ရောက်ရှိ၍ အသင်းနှင့် ၂၀၂၅ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ပြီး စာချုပ်ဖျက်သိမ်းကြေး ယူရိုသန်း ၄၀၀ ဖြင့် စာချုပ်ချုပ်ဆိုထားသော်လည်း ယခုအခါ အသင်းနည်းပြ ဇာဗီက အရောင်းစာရင်း တင်သွင်းခဲ့သောကြောင့် ပဲလေ့စ်အသင်းက ယူရို ၁၇ သန်းဝန်းကျင်ဖြင့် ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်ပြီး ဖူလ်ဟမ်အသင်းအပါအဝင် လေဗာကူဆင်အသင်းနှင့် ယူနီယံဘာလင်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ML

# ဘီလင်ဒါဘင်ဆစ်ကိုအနိုင်ရရှိခဲ့သည့် စဝီယာတက်ခ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်

**လန်ဒန် ဇူလိုင် ၁၀**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့်ဆွစ်ဇာလန်တင်းနစ်မယ် ဘီလင်ဒါဘင်ဆစ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၇၊ ၇-၆၊ ၆-၃)ရလဒ်ဖြင့်အနိုင်ရရှိကာကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်းNBC Sportsသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် အကောင်းဆုံးပုံစံ ပြန်လည်ရရှိကာ အနိုင်ရလဒ်ကိုစွမ်းဆောင်နိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

စဝီယာတက်ခ်သည် ပထမပွဲငယ်တွင် Tie-break ထိ ကစားခဲ့ရပြီးမှ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ်တွင်လည်း Tie-break ထိ ကစားခဲ့ရကာ အနိုင်ရလဒ်ကိုစွမ်းဆောင်နိုင်ခဲ့သည့်အတွက် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဘီလင်ဒါဘင်ဆစ် အနေဖြင့် စဝီယာတက်ခ်ကို အနိုင်ရနိုင်သည့် စွမ်းဆောင်ရည်မျိုးပြသနိုင်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင်အမှားတချို့ကျူးလွန်ခဲ့သည့်အတွက် နောက်မှလိုက်ကစားခဲ့ရသည့် စဝီယာတက်ခ်က အနိုင်ရခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်က"ဝင်ဘယ်ဒန်မှာ ယှဉ်ပြိုင်ကစားရတာ တစ်နေ့ထက်တစ်နေ့ ပိုပြီးတော့ပျော်ရွှင်လာပါတယ်။ဒါကြောင့် ပြိုင်ပွဲရဲ့နောက်ဆုံးနေ့ထိ ပြိုင်ပွဲအတွင်း ဆက်လက်ရှိနေခွင့်ရချင်ပါတယ်။ မြက်ကွင်းအမျိုးအစားမှာကျင်းပတဲ့ ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ကာလတစ်လျှောက် ဒီနှစ်ကတော့ အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့တဲ့နှစ်ပါ။ မြက်ကွင်းအမျိုးအစားမှာကျင်းပတဲ့ပြိုင်ပွဲတွေမှာပါဝင်ယှဉ်ပြိုင်ခဲ့တဲ့သက်တမ်းတစ်လျှောက် ဒီနှစ်ကစိတ်ဓာတ်ပိုင်းဆိုင်ရာ အကောင်းဆုံးပါ။ကျွန်မရဲ့စွမ်းဆောင်ရည်တွေကိုလဲ ရာနှုန်းပြည့်အသုံးချနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲကျန်ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်က ISPE အသင်းကို ဂိုးပြတ်အနိုင်ရ



**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲကျန်ပွဲစဉ်အဖြစ် ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်အသင်းက ISPE အသင်းကိုခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၃၆ မိနစ်တွင် ရန်နိုင်ဦးက နောက်ပေါက်ကန်ချက်ဖြင့် အသင်းအတွက် ဦးဆောင်ဂိုးရယူနိုင်ခဲ့ပြီး ပွဲချိန် ၄၁ မိနစ်တွင် ဆယ်လာက အနီးကပ် ခေါင်းတိုက်ပိတ်သွင်းပြီး ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ISPE အသင်းက ချေပဂိုးများအတွက်ပြန်လည်ဖိအားပေးရန် ကြိုးပမ်းခဲ့သော်လည်း ထိရောက်သည့်တိုက်စစ်ဆင်မှုမပြုလုပ်နိုင်ခဲ့ဘဲ ပွဲချိန်ကြာလာသည်နှင့် ရန်ကုန်ယူနိုက်တက်အသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၇၆ မိနစ်တွင် ဒေးဗစ်ထန်း၏ ဖန်တီးပေးမှုမှတစ်ဆင့် ဆယ်လာက အနီးကပ်ပိတ်သွင်းပြီး ရန်ယူနိုက်တက်အသင်းအတွက် တတိယဦးဆောင်ဂိုးကိုလည်းကောင်း ပွဲချိန် ၈၃ မိနစ်၌ စအောင်ပြည့်ကိုက ရန်ကုန်ယူနိုက်တက်အသင်းအတွက် စတုတ္ထဦးဆောင်ဂိုးကိုလည်းကောင်း သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ISPE အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်၌ အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက်အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား ရန်နိုင်ဦးက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ STA

# John Deere Classic ပြိုင်ပွဲ ချန်ပီယံဆုကို ဆပ်စထရာကာ ဆွတ်ခူး

**အီလီနွိုက် ဇူလိုင် ၁၀**

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်တွင် ကျင်းပခဲ့သည့် John Deere Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဩစတြီးယားဂေါက်သီးရိုက်ကစားသမား ဆပ်စထရာကာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၁ ချက် လျော့ရိုက်ကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း TOE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဘရန်ဒန်တော့နှင့် စမောလေတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး အာဒမ်စချန့်နှင့် ဆွီဒင် ဂေါက်သီးရိုက်ကစားသမား လုဗစ်အာဘက်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ဘရန်ဒန်တော့နှင့် စမောလေတို့သည် ပထမနေ့မှ နောက်ဆုံးနေ့ထိ ချန်ပီယံဆုဆွတ်ခူးနိုင်သည့် အခွင့်အရေးကောင်းများကိုပိုင်ဆိုင်ခဲ့သော်လည်း ဆပ်စထရာကာက နောက်ဆုံးနေ့ လက်စွမ်းကြောင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆပ်စထရာကာသည်နောက်ဆုံးနေ့တွင် Double-Bogey ဖြစ်ခဲ့သော်လည်း အခြားကျင်းများတွင် ကစားသမားဘဝ၏ အကောင်းဆုံးစွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ပြီး နောက်ဆုံးနေ့အတွက် သတ်မှတ်ရိုက်ချက်ထက် ကိုးချက်ထိလျော့ရိုက်နိုင်ခဲ့ခြင်းကြောင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

AZL




# ချဲလ်ဆီးအသင်းက လာမည့်ဘောလုံးရာသီတွင် ဝတ်ဆင်မည့် ရင်ဘတ်စပွန်ဆာမပါသည့် အိမ်ကွင်းဝတ်စုံသစ်ကို မိတ်ဆက်ပြသ

**လန်ဒန် ဇူလိုင် ၁၀**

ချဲလ်ဆီးအသင်းက လာမည့်ဘောလုံးရာသီတွင် ဝတ်ဆင်အသုံးပြုမည့် ဂျာစီရင်ဘတ်စပွန်ဆာမပါဝင်သည့် အိမ်ကွင်းဝတ်စုံသစ်ကို တရားဝင်မိတ်ဆက်ပြသခဲ့ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က ဂျာစီရင်ဘတ်စပွန်ဆာဖြစ်သည့် Three ကုမ္ပဏီနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ထပ်မံသက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိသည့်အတွက် ယခုအခါရင်ဘတ်စပွန်ဆာမရှိသေးသောကြောင့် အိမ်ကွင်းဝတ်စုံသစ်တွင်လည်း မည်သည့်ကုမ္ပဏီအမှတ်တံဆိပ်မှ မပါဝင်ဘဲ ဝတ်ဆင်ကစားမည်ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် အစောပိုင်းက ဂျာစီရင်ဘတ်စပွန်ဆာအဖြစ် လောင်းကစားကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ဆိုရန် နီးစပ်ခဲ့သော်လည်း ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်၏ လောင်းကစားကုမ္ပဏီများနှင့် စပွန်ဆာစာချုပ်ချုပ်ဆိုရန်တားမြစ်ထားမှုကြောင့် ဖျက်သိမ်းခဲ့ရသည့်အတွက် ဂျာစီရင်ဘတ်စပွန်ဆာမရှိသေးခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် လာမည့်ဘောလုံးရာသီတွင်ဝတ်ဆင်အသုံးပြုမည့် အိမ်ကွင်းဂျာစီကို အသင်းအထိမ်းအမှတ် အရောင်ဖြစ်သည့် အပြာရောင်ကိုသာ အသုံးပြုထားပြီး ၁၉၉၇-၁၉၉၈ ဘောလုံးရာသီက ဥရောပဖလား ဆွတ်ခူးနိုင်ခဲ့စဉ် အသုံးပြုခဲ့သည့် ဂျာစီဒီဇိုင်းကို အခြေခံပြီးဖန်တီးထားသည်။

ချဲလ်ဆီးအသင်း၏ အသင်းအိမ်ကွင်းဂျာစီသစ်မိတ်ဆက်ပွဲတွင် အသင်းမှ အဓိက ကစားသမားများဖြစ်သည့် အန်ဇိုဖာနန်ဒက်၊ စတားလင်း၊ မိုဒရစ်၊ ရီစီဂျိမ်းတို့ တက်ရောက်ခဲ့သည့်အပြင် အသင်းကို ချန်ပီယံလိဂ် ဆုဖလားဆွတ်ခူးပေးနိုင်ခဲ့သည့် နည်းပြဟောင်း ဒီမက်တီယိုလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ STA

# WBA ချန်ပီယံဘီဗိုလ်က အောက်တိုဘာလတွင် စိန်ခေါ်ပွဲထိုးသတ်ခွင့်ရရန်မျှော်လင့်

**မော်စကို ဇူလိုင် ၁၀**

WBA(Super) လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဘီဗိုလ်က လက်ရှိချန်ပီယံဆုကို ကာကွယ်ရန်အတွက် ပြိုင်ဘက်တစ်ဦးရှာဖွေနေပြီး လာမည့် အောက်တိုဘာလ၌ ချန်ပီယံကာကွယ်ပွဲစဉ်ထိုးသတ်ရန် မျှော်လင့်နေကြောင်း ပြောကြားခဲ့သည်ဟုBoxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘီဗိုလ်သည် WBA(Super) လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၆ ခုနှစ် မေလကစတင်ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ယနေ့ထိ ထိန်းသိမ်းထားနိုင်ခဲ့သူဖြစ်သည်။

ဘီဗိုလ်သည် ချန်ပီယံကာကွယ်ပွဲစဉ် ၁၂ ပွဲထိ အောင်မြင်စွာကာကွယ်ထိုးသတ်နိုင်ခဲ့ပြီး လက်ရှိချန်ပီယံဆုကိုကာလရှည်ထိန်းသိမ်းနိုင်ရန် ပစ်မှတ်ထားနေကာ အောက်တိုဘာလတွင် လက်ရှိချန်ပီယံကာကွယ်ပွဲ ထိုးသတ်နိုင်ရေးအတွက် မန်နေဂျာ ကောနီလိုဗ်ကို ညွှန်ကြားထားသည်။

ကောနီလိုဗ်သည် လာမည့် အောက်တိုဘာလတွင် ဘီဗိုလ်အတွက် စိန်ခေါ်ပွဲကိုသေချာပေါက်စီစဉ်ပေးသွားမည်ဖြစ်သော်လည်း ပြိုင်ဘက်ကိုရှာဖွေနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘီဗိုလ်သည် WBA(Super) လိုက်ဟဲဗီးဝိတ်တန်းတွင် ချန်ပီယံကို စိန်ခေါ်ခွင့်ရထားသည့်ပြိုင်ဘက်များကို အနိုင်ထိုးသတ်ထားသည့်အတွက် ပြိုင်ဘက်ကင်းနေသော်လည်း ဘီဗိုလ်အနေဖြင့် လိုက်ဟဲဗီးဝိတ်တန်းတစ်ခုလုံး၌ပြိုင်ဘက်ကင်းချန်ပီယံတစ်ဦး ဖြစ်လာနိုင်ရေးအတွက်လည်းအခြားသောအဖွဲ့ချုပ်များ၏ ကမ္ဘာ့ချန်ပီယံများကိုစိန်ခေါ်ထိုးသတ်သွားဖွယ်ရှိနေသည်။

အသက် ၃၃ နှစ်ရှိ ဘီဗိုလ်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ကူးပြောင်းလာခဲ့ပြီးနောက်ပိုင်း စိန်ခေါ်ပွဲ ၂၁ ပွဲထိ ထိုးသတ်ထားပြီး ရှုံးပွဲတစ်ပွဲမျှမရှိသေးဘဲ ဒိုင်ပွဲရပ်ရလဒ်၊ အလဲထိုးရလဒ်တို့ဖြင့် ၁၁ ပွဲထိ အနိုင်ရရှိထားသူတစ်ဦး ဖြစ်ကြောင်း သိရသည်။

AZL

# ၂၀၂၃ အာဆီယံအမျိုးသမီးယူ-၁၉ ပြိုင်ပွဲတွင် ထိုင်းအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း မြန်မာအသင်း ဆီမီးဖိုင်နယ်တက်ရောက်



**ရန်ကုန် ဇူလိုင် ၁၀**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် ၂၀၂၃ အာဆီယံအမျိုးသမီးယူ-၁၉ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီက မြန်မာယူ-၁၉အသင်းနှင့် ထိုင်းယူ-၁၉အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာယူ-၁၉အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အကောင်းဆုံးအုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများအဆုံးသတ်ပိုင်းမသေချာမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေ ရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ထိုင်းယူ-၁၉အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ကစားနိုင်ခဲ့သော်လည်း မြန်မာယူ-၁၉အသင်း၏ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့မှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲပြီးဆုံးခါနီး မိနစ် ၉၀ တွင် ထိုင်းယူ-၁၉အသင်းက ကန်တင်လိုက်သည့်ဘောလုံးကို မြန်မာယူ-၁၉အသင်းဂိုးသမား ဖီးဗေ ဖမ်းယူခဲ့ရာတွင် ပေါ့ဆမှုများကြောင့် လျှံကျပြီး ဂိုးဝင်ခဲ့သည့်အတွက် ထိုင်းယူ-၁၉အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

၂၀၂၃ အာဆီယံအမျိုးသမီးယူ-၁၉ပြိုင်ပွဲ အုပ်စု(C) အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် ထိုင်းယူ- ၁၉အသင်းက နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမမြန်မာယူ-၁၉အသင်းက တစ်ပွဲနိုင် တစ်ပွဲရှုံးရမှတ် သုံးမှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး မြန်မာယူ-၁၉အသင်းက အကောင်းဆုံးအုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ STA

# ခင်နှင်းယု၏ 'မွေး'

ပုသိမ်အောင်သန်းဦး

ယခုလေ့လာတင်ပြမည့် ခင်နှင်းယု၏ 'မွေး'ဝတ္ထု ဇာတ်လမ်းအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

အတွက်နှင့်မွေးတို့သည် ခင်မင်ရင်းနှီးသော သူငယ်ချင်းများဖြစ်ကြသည်။ သူတို့၏ မိဘဘိုးဘွားတို့သည်လည်း ဝါးခယ်မမြို့တစ်ဖက်ကမ်း သော်က နှင့်ရွာသစ်ကြားတွင် အိမ်ကြီးနှစ်လုံးကိုဆင်တူဆောက်ပြီး ခင်မင်ရင်းနှီးစွာ နေလာခဲ့ကြသူများဖြစ်သည်။

ကျောင်းနေချိန်အရွယ်တွင် မွေးတို့ခြံစောင့် ဦးဆယ်က ဝါးခယ်မဘက်ကမ်းသို့ လှေဖြင့်လိုက်ပို့သည်။ လှေပေါ်တွင် မွေးနှင့်အတူ အတွက်လည်း ပါသည်ချည်းဖြစ်သည်။

အတွက် သတ္တမတန်းအောင်သောအခါ ရန်ကုန် စိန့်ပေါလ်ကျောင်းသို့ပြောင်းရသည်။ မွေးတို့နှင့်ခွဲရသည်။ ဝါးခယ်မမှ ရန်ကုန်သို့ရောက်နေသော ဝတ်လုံတော်ရ ဦးဘလှ၏သား ဖရက်ဒီဘလှနှင့် ကျွမ်းဝင်ရင်းနှီးရသည်။ နွေရာသီကျောင်းပိတ်ရက် အတွက် အိမ်ပြန်လာသောအခါ မွေးတို့အိမ်တွင် အပြောင်းအလဲများ ဖြစ်နေသည်။ မွေးမိခင်၏ ညီမဝမ်းကွဲများဖြစ်သော ဒေါ်လေးသူဇာနှင့် ဒေါ်လေးမူယာတို့ ခေတ္တလာရောက်နေထိုင်လျက်ရှိသည်။ ဒေါ်လေးမူယာ၏ ယောက်ျား ပညာတော်သင်သွားသဖြင့် ရန်ကုန်ရှိ သူတို့တိုက်ကို ငှားထားခဲ့ပြီး မွေးတို့နှင့်အတူ လာနေကြခြင်းဖြစ်သည်။

အတွက် နဝမတန်းရောက်သောနှစ်တွင် ဒုတိယကမ္ဘာစစ်ဖြစ်သည်။ သူဖခင် ရုတ်ခြည်းရောက်လာပြီး ခေါ်သဖြင့် မြို့သို့ပြန်လာခဲ့ရသည်။ သင်္ဘောပေါ်တွင် ဖရက်ဒီတို့သားအဖလည်း ပါလာသည်။ အတွက်သည် အိမ်ပြန်ရောက်ရောက်ချင်း မွေးတို့အိမ်သို့သွားသည်။ မွေး၏အစ်ကိုကြီးသည် ဗြိတိသျှဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သဖြင့် သာယာဝတီထောင်တွင် အချုပ်ခံနေရသည်။ မွေးကိုယ်တိုင်လည်း ဇာတိမာန် ထက်သန်နေသည်ကို တွေ့ရသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံတွင် အတွက်မပါဝင်သဖြင့် မွေးက အပြစ်တင်လိုဟန်ရှိသည်။

မွေးနှင့်ဖရက်ဒီကို အတွက်က မိတ်ဖွဲ့ပေးသည်။ ဖရက်ဒီက မွေး၏အလှကို ချီးကျူးသည်။ အတွက် တုန်လှုပ်သွားသည်။ သကြ်န်ရက်အတွင်း မွေးအား ဖရက်ဒီကရေလောင်းသည်ကို အတွက်တွေ့ရသည်။ ဖရက်ဒီက စာပေးကြောင်း၊ မွေးက စာပြန်ကြောင်း ကြားသိရသောအခါ အတွက်ချောက်ချားရသည်။ သည်လိုနှင့် မွေးနှင့်ဖရက်ဒီတို့ ချစ်ကြိုက်နေကြပြီဖြစ်ကြောင်း သူတွေ့မြင်ကြားသိရသည်။ မွေးကို သူဆုံးရှုံးပြီဟု ဝမ်းနည်းခဲ့ရသည်။

စစ်ကြီးပြီးသွားသောအခါ တက္ကသိုလ်သို့ အရေးပေါ်တက်ရန် အတွက်ရန်ကုန်သို့သွားရသည်။ ဖရက်ဒီလည်း ထို့အတူပင်။ မွေးကား မလိုက်နိုင်။ သူတို့သုံးယောက်စလုံး ဂျပန်ခေတ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားကြပြီးဖြစ်သော်လည်း စီးပွားရေးအခြေအနေကြောင့် မွေးမှာတက္ကသိုလ်သို့ ခရီးမဆက်နိုင်။ စစ်ပြီးသောအခါ မွေးတို့၏စီးပွားရေးအခြေအနေ သိသိသာသာ ကျဆင်းခဲ့လေသည်။ မွေးမှာ အလုပ်တစ်ခုဝင်လုပ်ရမည့်ကဲ့သို့ဖြစ်လာသည်။

မွေးနှင့်ဖရက်ဒီတို့ကိစ္စကို မွေးမိခင်က သဘောမတူ။ အခြေခံချင်းမတူ၍ ပေါင်းစပ်၍မရနိုင်ဟုဆိုသည်။ တက္ကသိုလ်တွင် ဖရက်ဒီက အဆောက်အအုံအင်ဂျင်နီယာဘက်ကိုလိုက်ပြီး အတွက်က ဆရာဝန်ဘက်လိုက်သည်။ နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်တိုင်း အတွက်နှင့်အတူ ဖရက်ဒီသည် ဝါးခယ်မသို့လိုက်သည်။ တတိယနှစ်တွင် သူ မလိုက်ပါဘဲ စာပေးလိုက်သည်။ အတွက်သည် ဖရက်ဒီ၏စာကို မွေးအား ကိုယ်တိုင်ပေးပေးရသောအခါ ရင်နာရသည်။

ထိုနှစ်အတွက် ကျောင်းအပြန်တွင် မွေးရန်ကုန်သို့လိုက်ပါလာသည်။ မွေးသည် မူယာတို့အိမ်တွင်နေထိုင်ပြီး အလုပ်လုပ်ရန်ဖြစ်သည်။ အတွက် ရန်ကုန်သို့ မသွားမီ မိခင်က ဒေါ်တင်တင်ကြီး၏သမီးတစ်ယောက်ယောက်နှင့် လက်ထပ်ရန်ပြောသည်။ အတွက်သည် မိခင်၏အစီအစဉ်ကို လက်ခံလိုက်လျှင် မွေးနှင့် လက်ထပ်ဖြစ်နိုင်သည်။ သို့သော် မွေးမချစ်ဘဲနှင့် မွေး၏လင်သားဘဝ မခံယူလို။ သင်္ဘောဆိပ်သို့ ဒေါ်လေးမူယာ လာမကြိုသဖြင့် ဦးဝိစာရလမ်းအိမ်ထိ အတွက်လိုက်ပို့ရသည်။ ဒေါ်လေးမူယာက မွေးကို ကားဂိုဒေါင်အထပ်ရှိ အခန်းကျဉ်းလေးတွင် နေရာချထားပေးသည်။ စာရေးသောက်ရေးအတွက် ထမင်းဆိုင်မှ ချိုင့်ယူ၍စားသောက်စေ၏။ အခက်အခဲများကြားမှ မွေး မက်ထရစ်အောင်သည်။

> ❖ မွေးနှင့်ဖရက်ဒီတို့ကိစ္စကို မွေးမိခင်က သဘောမတူ။ အခြေခံချင်းမတူ၍ ပေါင်းစပ်၍မရနိုင်ဟုဆိုသည်။ တက္ကသိုလ်တွင် ဖရက်ဒီက အဆောက်အအုံအင်ဂျင်နီယာဘက်ကိုလိုက်ပြီး အတွက်က ဆရာဝန်ဘက်လိုက်သည်။ နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်တိုင်း အတွက်နှင့်အတူ ဖရက်ဒီသည် ဝါးခယ်မသို့လိုက်သည်။ တတိယနှစ်တွင် သူမလိုက်ပါဘဲ စာပေးလိုက်သည်။ အတွက်သည် ဖရက်ဒီ၏စာကို မွေးအား ကိုယ်တိုင်ပေးပေးရသောအခါ ရင်နာရသည်။ ထိုနှစ်အတွက် ကျောင်းအပြန်တွင် မွေး ရန်ကုန်သို့လိုက်ပါလာသည်။ မွေးသည် မူယာတို့အိမ်တွင်နေထိုင်ပြီး အလုပ်လုပ်ရန်ဖြစ်သည်။ ❖

တစ်နေ့ ရုံးမှခွင့်ယူပြီး တက္ကသိုလ်သို့သွားသည်။ ကျောင်းဝင်ခွင့်လျှောက်လွှာ တင်သင့်၊ မတင်သင့် ချီတုံချတုံဖြစ်နေသည်။ ချစ်သူကို တမ်းတမိသည်။ ထိုစဉ်မှာပင် သူမအနီးသို့ ကားတစ်စီးဆိုက်သည်။ သူမ ချစ်သူဖြစ်သည်။ မွေးက အားရဝမ်းသာခေါ်သည်။ ဖရက်ဒီက သူမကို စိမ်းစိမ်းကြည့်ပြီး ကားကို မောင်းထွက်သွားသည်။ မွေးသည် စိတ်ကိုတင်းပြီး လက်ထဲမှလျှောက်လွှာကို အစိတ်စိတ်အမြွာမြွာ ဆုတ်ဖြဲပစ်လိုက်သည်။ ထို့နောက် တက္ကသိုလ်ကိုကျောခိုင်းကာ ဘတ်စကားမှတ်တိုင်ဆီသို့ လျှောက်သွားသည်။

ဤအဖြစ်အပျက်ကို ခပ်လှမ်းလှမ်းမှ တွေ့မြင်လိုက်ရသောအတွက်သည် မွေး၏နောက်သို့ ပြေးလိုက်ခဲ့သည်။ လမ်းတွင် ဆရာတစ်ယောက်နှင့်ဆုံကာ စကားပြောနေရ၍ မွေးကိုမမီ။ မွေး ဘတ်စကားပေါ် တက်ရောက်ကာ ထွက်ခွာသွားသည်ကိုသာ လှမ်းမြင်လိုက်ရတော့သည်။

မွေးသည် မက်ထရစ်အောင်ပြီး လေးနှစ်အကြာတွင်မှ အိုင်အေအထက်တန်းစာမေးပွဲကို ဖြေရသည်။ ထိုစာမေးပွဲမဖြေမီပင် ဖရက်ဒီနှင့်အေမီတို့ စေ့စပ်သည့်အကြောင်း၊ ဖရက်ဒီ နိုင်ငံခြားတက္ကသိုလ်တစ်ခုသို့ သွားမည့်အကြောင်းများကို အတွက်ထံမှ မွေး ကြားသိရသည်။ မွေးအပြုံးမပျက်ရှိသည်။ သို့ဖြင့် အတွက်သည် လာမည့်နှစ် သူဒီဂရီရပြီးလျှင် သူ့မိခင်အားဖွင့်ပြောကာ မွေးနှင့်စေ့စပ်ရန် သူဆုံးဖြတ်လိုက်သည်။

မွေး အိုင်အေအထက်တန်း နောက်ဆုံးဘာသာဖြေအပြီး စာမေးပွဲခန်းထဲမှထွက်လာရာ လူစိမ်းတစ်ဦးနှင့်တွေ့ရသည်။ ထိုသူကား ဗိုလ်မှူးမောင်မောင်နိုင်ဖြစ်သည်။ ဗိုလ်မှူးမောင်မောင်နိုင်သည် အတွက်၏မိတ်ဆွေဖြစ်သည်။ မွေး ကျောင်းဝင်ခွင့်လျှောက်လွှာ ဆုတ်ဖြဲပစ်သည်ကို အတွက်နှင့်အတူ မြင်လိုက်သူလည်းဖြစ်သည်။ မောင်မောင်နိုင်သည် ထိုကတည်းက မွေးကို စိတ်ဝင်စားခဲ့သည်။ မွေးအကြောင်း အတွက်ထံမှ ကြားသိခဲ့ရသည်။

အတွက်သည် ဘွဲ့ရပြီဖြစ်၍ သူမှန်းထားသည့်အတိုင်း သူ့ဆန္ဒကို မွေးအားဖွင့်ဟရန် အခွင့်အလမ်းရှာနေသည်။ သို့သော် ယခုတစ်ကြိမ်တွင်လည်း သူနောက်ကျရပြန်ပြီ။ မောင်မောင်နိုင်သည် သူကိုယ်တိုင်လည်း မွေးထံစာရေးသည်။ သူ့မိခင်ကိုလည်း မွေးမိခင်ထံလွှတ်ပြီး နားဖောက်စေသည်။ မွေးကလည်း ညွတ်ပုံရသည်။ မွေးမိခင်ကလည်း သဘောတူသည်။ နောက်ဆုံးတွင် မွေးကိုနားချရန် မွေးမိခင်ကပင် အတွက်ကို အကူအညီတောင်းရသည်။ သို့ဖြင့် အတွက်သည် မွေးအား မောင်မောင်နိုင်ကိုလက်ထပ်ရန် အကျိုးသင့်အကြောင်းသင့် ပြောပြရသည်။

အတွက်သည် နိုင်ငံခြားသို့ ပညာသင်ထွက်ခဲ့သည်။ သို့ဖြင့် ဗိုလ်မှူးမောင်မောင်နိုင်နှင့်မွေးတို့ လက်ထပ်ကြသည်။ မွေး လားရှိုးသို့လိုက်နေရသည်။ လားရှိုးတွင်နေစဉ် ရန်ကုန်ပြန်ရန် အကြောင်းပေါ်လာသည်။ မွေး၏ မမအေးတွင် တီဘီရောဂါစွဲကပ်သဖြင့် ဆေးကုသနေရကြောင်း၊ မွေးတတ်နိုင်လျှင် လာရန် မေတ္တာရပ်ခံသည်။ ဗိုလ်မှူးမောင်မောင်နိုင်မှာ မွေးအား မလွှတ်ချင်သော်လည်း မတတ်သာသည့်အဆုံး ရန်ကုန်သို့ လွှတ်လိုက်ရသည်။ မွေးသည် မမအေးအား ပြုစုရင်း ရောဂါရခဲ့သည်။

မောင်မောင်နိုင်၏မိခင်သည် မွေးကို ချက်ချင်းပင် အိန္ဒိယနိုင်ငံ မာဒရပ်မြို့ရှိ အာရောဂျံဆေးရုံသို့ လူကြုံဖြင့်ပို့သည်။ ဤအကြောင်းကို မောင်မောင်နိုင်၏မိခင်က သားရှေ့တန်းရောက်နေသဖြင့် နောက်မှစာရေးအကြောင်းကြားသည်။ ဗိုလ်မှူးမောင်မောင်နိုင်မှာ တပ်ကိစ္စများကြောင့် အိန္ဒိယသို့မလိုက်နိုင်။

မွေးသည် အာရောဂျံတွင် မမျှော်လင့်ဘဲ အတွက်နှင့်ပြန်တွေ့သည်။ အတွက်သည် အာရောဂျံတွင် အဆုတ်ရောဂါ အထူးကုသင်တန်း လာတက်ခြင်းဖြစ်သည်။ အတွက်သည် မွေးကို တတ်နိုင်သမျှဂရုစိုက်ပြုစုကုသပေးသည်။ မွေး၏ကျန်းမာရေးအခြေအနေ ကောင်းမွန်လာသည်။

မွေးလည်း ရောဂါပျောက်ဆုံးပြီး အတွက်လည်း သင်တန်းပြီးဆုံးပြီဖြစ်၍ မြန်မာနိုင်ငံသို့ အတူပြန်လာကြသည်။ လေဆိပ်တွင် မောင်မောင်နိုင်လာကြိုသည်ကို မတွေ့ရ။ မောင်မောင်နိုင်အိမ်သို့ သွားကြသည်။ အိမ်ရောက်သောအခါ မောင်မောင်နိုင်၏မိခင်မ သားယောက်ျားလေးဖွားမြင်ကြောင်း ဒဖရင်မှဖုန်းလာသည်။ မောင်မောင်နိုင် ဆေးရုံသို့ဝင်နေရသဖြင့် လေဆိပ်သို့ အရောက်နောက်ကျခြင်းဖြစ်သည်။

"ရှင့်မိန်းမ သားလေးမွေးကြောင်း ဆေးရုံမှဖုန်းဆက်အကြောင်းကြားလာတယ်"ဟု ပြောရာ သားလေးဟူသောအသံကြောင့် ဝမ်းသာဟန်တွေ့ရပြီး နောက်ဆုံး မွေးကိုတောင်းပန်သည်။

မောင်မောင်နိုင်၏ မိခင်ကြီးမှာ ကွယ်လွန်ခဲ့ပြီဖြစ်သည်။ မကွယ်လွန်မီ တိုက်နှင့်အတွင်းပစ္စည်းများကို မွေးအား အပ်ခဲ့သည်။

မွေးက သူသည် မိန်းမဝတ္တရားမကျေပွန်ခဲ့ကြောင်း၊ ရှေ့တွင်လည်း ကလေးမွေးဖွားပေးနိုင်တော့မည်မဟုတ်ကြောင်း။ ထို့ကြောင့် မောင်မောင်နိုင်နှင့် မပေါင်းသင်းနိုင်တော့ကြောင်း၊ တိုက်ကို မောင်မောင်နိုင်နှင့်ဇနီးကို ပေးခဲ့ကြောင်း၊ စိန်များကို သူမအား အပိုင်ပေးပြီးသားဖြစ်လျှင် အဆုတ်လူနာများ စောင့်ရှောက်ရေးအသင်းသို့ လှူခွင့်ပြုစေလိုကြောင်း၊ သူမအနေဖြင့် ညီမငယ်များနှင့်အတူနေထိုင်ပြီး သူမအနေဖြင့် အဆုတ်ရောဂါသည်များကို ကုသစောင့်ရှောက်ရေး၊ ကူညီရေးလုပ်ငန်းများတွင် ဘဝကိုနှစ်မြှုပ်လုပ်ကိုင်သွားတော့မည်ဖြစ်ကြောင်း ရှင်းပြသည်။

ဤအကြိမ်တွင်တော့ အတွက်သည် နောက်ကျမခံဘဲ သူ၏မေတ္တာကိုဖွင့်လာသည်။ မွေး အံ့ဩရသည်။ မွေးက သူအိမ်ထောင်ပြုတော့မည်မဟုတ်ကြောင်း၊ အတွက်ကိုလည်း လက်မထပ်ပါရစေနှင့်တော့ဟု တောင်းပန်သည်။ မွေးတို့နှစ်ယောက် ခန္ဓာကိုယ်ချင်း မပေါင်းရပေမဲ့ စိတ်ဓာတ်ချင်းပူးပြီး ရည်ရွယ်ချက်တစ်ခုတည်းကို အတူဆောင်ရွက်ကြရန် ပြောသည်။

သို့ဖြင့် တစ်ခုသောနံနက်ခင်းတွင် မွေးနှင့် အတွက်တို့သည် အဆုတ်ရောဂါကုဆေးရုံ နေရာရွေးချယ်ရန်အတွက် မိတ္ထီလာဘက်သို့ ကားဖြင့်ထွက်ခွာသွားကြသည်။

မွေးဝတ္ထုကို ၁၉၅၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ အကြိမ်ကြိမ်ပြန်လည်ပုံနှိပ်ရသည်။ ရုပ်ရှင်လည်း ရိုက်ခဲ့ရသည်။ ဆရာမကြီး ခင်နှင်းယု၏ အောင်မြင်သောဝတ္ထုကြီးလည်းဖြစ်သည်။ ဆရာမကြီးသည် ဝတ္ထုအတတ်ပညာ ကျွမ်းကျင်သည်။ ရည်ရွယ်ချက်ကို ပေါက်မြောက်အောင် သရုပ်ဖော်နိုင်စွမ်းရှိသည်။

မွေးဝတ္ထုတွင် မိန်းမတစ်ယောက်၏အခက်အခဲ ပြဿနာများကို ခံနိုင်ရည်ရှိသည့်သတ္တိဖြင့် တုံ့ပြန်ပုံ၊ အဆုတ်ရောဂါ၏ ကြောက်စရာကောင်းပုံတို့ကို ဖော်ပြပြီး ဆွေးမြည့်ကြေကွဲဖွယ်ရာ အချစ်ဇာတ်လမ်းလေးအဖြစ် တင်ပြထားသည်။ ဝါးခယ်မမြို့၏ အလှ၊ အာရောဂျံဆေးရုံ၏အလှတို့ကို ကွက်ကွက်ကွင်းကွင်း သရုပ်ဖော်နိုင်သည်။

ဆရာမကြီး ခင်နှင်းယုကို ၁၉၂၅ ခုနှစ် စက်တင်ဘာ ၇ ရက် တနင်္လာနေ့တွင် ဝါးခယ်မမြို့၌ မွေးဖွားခဲ့ပြီး ဖခင် ကျောင်းဆရာကြီး ဦးဘ၊ အမိဒေါ်သိန်းတင်တို့က မွေးဖွားသည်။

ဆရာမကြီး၏ ပထမဆုံးဝတ္ထုမှာ အရိုင်းဖြစ်ပြီး ဆောင်းတွင်းပန်း၊ သခွတ်ပန်း၊ သပြေ၊ ယဉ်မင်းပိုက်၊ ရေချိုတွင်း၊ ဖေဖေနှင့် လာခြင်းကောင်းသော လူကလေးတို့မှာ ဖခင်နှင့် အခြားအကြောင်းများကို အခြေခံရေးဖွဲ့ထားသည်ဖြစ်သော်လည်း စနစ်နှင့်လူများအကြောင်း လှပစွာဖွဲ့သီပြထားသော ဇာတ်လမ်းအကြောင်းအရာများလည်း ဖြစ်သည်။

ဆရာမကြီးသည် ဝတ္ထုရှည်များသာမက ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာများကိုလည်း နိုင်နင်းစွာဖန်တီးနိုင်ကြောင်း တွေ့ရပါသည်။

**ကိုးကား**

– မလိခ၏ မြန်မာဝတ္ထုအညွှန်း(၁–၂)

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံ ROSTECနှင့် မိတ်ဖက်ကုမ္ပဏီများက Ural ဒေသတွင် ဒရုန်းစမ်းသပ်ရေးစင်တာတစ်ခု တည်ထောင်မည်



ရုရှားအစိုးရပိုင် ကာကွယ်ရေးကုမ္ပဏီဖြစ်သော ROSTEC နှင့် မိတ်ဖက်ကုမ္ပဏီများက Ural ဒေသတွင် ဒရုန်းစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စမ်းသပ်ရေးစင်တာတစ်ခု တည်ထောင်မည်ဟု ဇူလိုင် ၇ ရက်က ကြေညာခဲ့သည်။

ဤစင်တာက ဒရုန်းများကို အထောက်အကူပြုရန် ဆန်းသစ်သောထုတ်ကုန်များကို ဒီဇိုင်းဆွဲထုတ်လုပ်ခြင်းနှင့် နည်းပညာကုမ္ပဏီများအတွက် ဒေသတွင်းပံ့ပိုးမှုအစီအမံများဖြင့် ထောက်ပံ့ရောင်းချပေးနိုင်ရန် တစ်နေရာတည်းတွင် One-Stop တစ်ထိုင်တည်း အပြည့်အဝ ဝန်ဆောင်မှုပေးခြင်းစသည့်လုပ်ငန်းစဉ်များအပေါ် အာရုံစိုက်၍ အကောင်အထည်ဖော်လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို မိတ်ဖက်ကုမ္ပဏီများဖြစ်သည့် Cheler Skinsk State University နှင့် Insmartကုမ္ပဏီအုပ်စုများပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယူကရိန်းပဋိပက္ခအတွင်း၌ ဒရုန်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ ရုရှားနိုင်ငံ၏ လေကြောင်းစိုးမိုးမှုကိုတန်ပြန်ရန် စွမ်းအားစုတစ်ရပ်အဖြစ် ယူကရိန်းတပ်ဖွဲ့များဘက်က အစပိုင်းတွင် အသုံးပြုခဲ့ကြပြီး ယခုအခါ နှစ်ဖက်စလုံးသည် ဆန်းသစ်တီထွင်မှုအသစ်များဖြင့် နေ့စဉ် ဒရုန်းနည်းပညာကို အကျယ်တဝင့် အသုံးချစစ်ဆင်နေကြသည်။

ဒရုန်းများအသုံးပြု၍ တိုက်ပွဲဝင်ထိရောက်မှုမှာ သံသယဖြစ်ဖွယ်မရှိသော်လည်း အထူးစိတ်ဝင်စားစရာကောင်းသည်မှာ ဒရုန်းများအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့်ပျက်စီးဆုံးရှုံးမှုနှင့် ကုန်ကျစရိတ် အချိုးအစားဖြစ်သည်။ ဒရုန်းထုတ်လုပ်မှုကုန်ကျစရိတ် လျှော့နည်းကျဆင်းခြင်းနှင့် ၎င်းတို့၏တိုက်ပွဲဝင် တိကျမှုတိုးတက်ဖွံ့ဖြိုးလာခြင်းတို့သည် ဒရုန်းထက်များစွာဈေးကြီးသော စစ်လက်နက်၊ စက်ပစ္စည်းကိရိယာများကို ဖျက်ဆီးနိုင်စွမ်းရှိစေသည်။

ဗီဒီယိုများ၊ ဓာတ်ပုံများနှင့်သက်သေခံအထောက်အထားအများအပြားသည် ဒရုန်းများဖြင့် စစ်လက်နက်ပစ္စည်းအကြီးစားများသို့မဟုတ် တင့်၊ သံချပ်ကာမော်တော်ယာဉ်များကိုပင် တိုက်ခိုက်ဖျက်ဆီးနိုင်ကြောင်း အစီရင်ခံဖော်ပြလျက်ရှိကြသည်။ ထို့ကြောင့် ဒရုန်းများကို သီးသန့်ထုတ်လုပ်သည့်စက်ရုံများ သိသာထင်ရှားစွာတိုးတက်ဖွံ့ဖြိုးလာကြသည်။

ရုရှားနိုင်ငံမှ ROSTEC ကာကွယ်ရေးကုမ္ပဏီသည် နည်းပညာမြင့်စက်မှုလုပ်ငန်းထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်လုပ်မှုနှင့်တင်ပို့ရောင်းချခြင်းတို့ကို အထူးပြုလုပ်ဆောင်နေသည့် ရုရှားအစိုးရပိုင် ကုမ္ပဏီတစ်ခုဖြစ်သည်။ ၂၀၀၇ ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အရပ်ဘက်နှင့်စစ်ဘက်ဆိုင်ရာ ကဏ္ဍနှစ်ခုစလုံးတွင် လုပ်ကိုင်နေသော ကုမ္ပဏီ ၁၅ ခုအပါအဝင် အဖွဲ့အစည်း ၈၀၀ ခန့်ကိုစုစည်းထားသည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။

ROSTEC ကုမ္ပဏီသည် ရုရှားနိုင်ငံရှိ နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုကို မြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး အဆင့်မြင့်စီမံကိန်းများကိုပံ့ပိုးကူညီပေးနေကာ စက်မှုလုပ်ငန်းကုမ္ပဏီများကြား ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စွာလုပ်ဆောင်နိုင်စေရန် ပေါင်းကူးကုမ္ပဏီတစ်ခုလည်းဖြစ်သည်။ ၎င်းသည်ကာကွယ်ရေးနှင့်လေကြောင်းကဏ္ဍမှသည် အီလက်ထရွန်နစ်၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားကဏ္ဍများထိ နယ်ပယ်အသီးသီးတွင် အဆင့်မြင့်နည်းပညာ ဖြေရှင်းရေးနည်းလမ်းများကိုထုတ်လုပ်၊ ထောက်ပံ့၊ ရောင်းချ၊ ပို့ဆောင်ပေးနေသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

ROSTEC ကုမ္ပဏီသည် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များကို တီထွင်ဖန်တီးကာ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင်ခြင်းဖြင့် ရုရှားနိုင်ငံ စက်မှုလုပ်ငန်း၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။

ဒရုန်းများအတွက် စမ်းသပ်ရေးစင်တာတစ်ခုတည်ထောင်ရန် စီမံကိန်း၏တစ်စိတ်တစ်ပိုင်းအနေဖြင့် Poliet ဟု လူသိများသော ROSTEC ကုမ္ပဏီလက်အောက်ခံ Chelyabinsk ရေဒီယိုစက်ရုံသည် စင်တာအတွက် အခြေစိုက်စခန်းအဖြစ်လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ ROSTEC ကုမ္ပဏီမှ အင်ဂျင်နီယာများက ဒရုန်းများ ဘေးကင်းစွာပျံသန်းနိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲနိုင်စေရန်ရည်ရွယ်၍ ထုတ်လုပ်ပေးသွားမည်လည်းဖြစ်သည်။

**ROSTEC from Russia and its partners establish a testing center for UAV in Ural ကို ဘာသာပြန်ဆိုထားပါသည်။**

## Raytheon Australia ကုမ္ပဏီက LAND 19 Phase 7B တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် စမ်းသပ်နိုင်ခဲ့

ဩစတြေးလျနိုင်ငံအခြေစိုက် Raytheon Australia ကုမ္ပဏီသည် မြေပြင်အခြေစိုက် Short-Range Ground-Based Air Defense (SRGBAD) တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်အပေါ် အာရုံစိုက်လုပ်ဆောင်လျက်ရှိသည့် အရေးကြီးသော LAND 19 Phase 7B စီမံကိန်းအတွက် စမ်းသပ်မှုတစ်ရပ် အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း ဇူလိုင် ၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

စီမံကိန်းတွင် ဩစတြေးလျကြည်းတပ်အတွက်ရေဒါများ၊ ဒုံးပစ်လောင်ချာများ၊ ကွပ်ကဲမှုနှင့်ထိန်းချုပ်မှုစနစ်များ ဝယ်ယူမှုအပြင် လက်ရှိကြည်းတပ်သုံးယာဉ်များ၌ ရေဒီယိုဆက်သွယ်ရေးစနစ်များနှင့်ပေါင်းစည်းလုပ်ဆောင်ခြင်းများ ပါဝင်မည်ဖြစ်သည်။

LAND 19 Phase 7B စီမံကိန်းသည် ဝေဟင်မှခြိမ်းခြောက်မှုများကို မရှိမဖြစ် အကာအကွယ်ပေးနိုင်သည့် အဆင့်မြင့် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တီထွင်ထုတ်လုပ်ရန်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် Raytheon Australia နှင့် Kongsberg Defense & Aerospace (KDA) ကုမ္ပဏီတို့သည် နိုင်ငံတကာအသိအမှတ်ပြု အဆင့်မြင့် လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ဩစတြေးလျထုတ် ဗားရှင်းတစ်ရပ် ထုတ်လုပ်သွားရန်အတွက် လက်တွဲလုပ်ဆောင်သွားခြင်းဖြစ်သည်ဟု သိရသည်။

လေကြောင်းရန်ကာကွယ်ရေးစနစ်သည် လေကြောင်းခြိမ်းခြောက်မှုပစ်မှတ်များကို ထောက်လှမ်းခြင်း၊ ခြေရာခံထိန်းကျောင်း၍ တိုက်ပွဲဝင်တုံ့ပြန်ရာတွင် နိုင်ငံတကာအသိအမှတ်ပြုမှု ရရှိထားသည့် လက်နက်စနစ်ဖြစ်သည်။

SRGBAD တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် စမ်းသပ်ပျံသန်းမှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီး စနစ်၏ ထူးခြားသောစွမ်းဆောင်ရည်နှင့် တိုက်ပွဲဝင် လုပ်ဆောင်ချက်များအပေါ် အတည်ပြုနိုင်ခဲ့သည်။ လေကြောင်းခြိမ်းခြောက်မှု၊ ဝေဟင်ပစ်မှတ်များအပေါ် ထိရောက်စွာကာကွယ်နိုင်စွမ်းရှိမှုကိုသရုပ်ပြသရန် စမ်းသပ်မှုပြုလုပ်ခဲ့ခြင်းလည်းဖြစ်ကြောင်း၊ စေ့စပ်သေချာစွာ အစီအစဉ်ရေးဆွဲခြင်းနှင့် အရည်အချင်းရှိသောအဖွဲ့အစည်းတစ်ခု၏ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

မြေပြင်အခြေစိုက် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် LAND 19 Phase 7B ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျသော အဆင့်များစွာကို ကျော်ဖြတ်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။



LAND 19 Phase 7B မြေပြင်အခြေစိုက် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် အဆင့်မြင့်နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များပါရှိလာပြီး ရန်သူ့လေကြောင်းတိုက်ခိုက်မှုများကို တန်ပြန်ရန်အတွက် တိကျသောခြေရာခံထောက်လှမ်းခြင်းနှင့် တိုက်ခိုက်ရေးစနစ်များနှင့်အတူ ရန်သူ့လေကြောင်းခြိမ်းခြောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းတွေ့ရှိနိုင်ရန်အတွက် ခေတ်မီဆန်းပြားသော အာရုံခံစနစ်၊ ကိရိယာများကို ပေါင်းစပ်အသုံးပြုထားသည်။ ထို့ပြင် အဆိုပါစနစ်တွင် ဒုံးကျည်လမ်းညွှန်ထိန်းကျောင်းရေးစနစ်များ အသုံးပြုထားပြီး ရည်ရွယ်ထားသော ဦးစားပေးပစ်မှတ်ဆီသို့ ဒုံးကျည်ကိုတိကျစွာပစ်မှတ်ထားတိုက်ခိုက်နိုင်စေမည်ဖြစ်သည်။

**Successful Flight Test for LAND 19 Phase 7B Short-Range Air Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# SAC Chairman Prime Minister Senior General Min Aung Hlaing gives words of encouragement to departmental personnel, town elders from disaster-hit Yathedaung and Buthidaung townships of Rakhine State, officers, other ranks and families from stations, fulfills necessary requirements


Senior General Min Aung Hlaing meets Tatmadaw members and families from Buthidaung Station.

**Nay Pyi Taw July 10**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his members, the Chief Minister of Rakhine State, the commander of Western Command and officials, this afternoon, met with departmental personnel and town elders in Yathedaung and Bithudaung townships of Rakhine State and officers, other ranks and families of stations separately and fulfilled the requirements.

**If the government, Tatmadaw and people are united, regions in individuals as well as the whole State will develop**

In separately meeting with officers, other ranks and families of Yathedaung and Buthidaung stations at local battalion halls, the Senior General said that cyclone Mocha hit Rakhine State on 14 May. The Senior General recounted that he arrived in Sittway Station of Rakhine State on 15 May and gave necessary guidance after viewing losses and damages in the natural disaster. SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and senior military officers toured other stations in the area of Western Command to inspect losses and damaged for managing necessary measures for soonest launching rehabilitation measures.

As Yathedaung Station is located on the route of the storm, it suffered severe impacts of storm with losses and damage. Arrangements are being made to do reconstruction for damaged parts whereas families need to repair necessary measures as much as they can. As now is rainy season, priority must be given to safe and secure accommodation. Buthidaung Station faced slight loss and damage in the event.

Due to completion of preparations at a time storm Mocha fell in Rakhine State, all could overcome difficulties with least casualties. Tatmadaw is serving the State duties with goodwill for the State without trembling against misdeeds of others. While serving the State responsibilities, the Tatmadaw faces attacks in all aspects and sanctions imposed. In encountering the political crises, storm Mocha fell in Rakhine State, and so, relief and rehabilitation measures may have some requirements.

Necessary strengths are applied in relief and rehabilitation for storm hit areas as much as possible. Well-wishers donated cash to the fund for the storm hit areas with goodwill. Some foreign countries also gave aid. In line with the motto: The strength of the nation lies within, relief and rehabilitation measures were taken depending on the internal strength.

The natural disasters caused losses and damage at military units in relevant areas. So, efforts are being made to repair the necessary measures. In so doing, an emphasis is being placed on long term strengthening of these materials, so it will take a long time. Hence, officers, other ranks and families need to endure the difficulties with high spirit.

Every Tatmadaw member must be skillful in martial arts and military technologies in defending themselves, their regions and the mother land. Moreover, they must be healthy and fit for taking training. Hence, they have to follow healthy life-style and consumption. They have to control themselves in individuals for drinking and smoking. They should not indulge themselves to have achievement in their lives.

As local people are ethnics of the nation, residing in the same places through thick and thin, they all have to serve each other in fraternity so as to contribute to regional development. They have to strive for fostering unity inside and outside the military units. In the disaster-hit time, the government and the Tatmadaw are joining hands in serving the interests of the regions. Only when the government, the Tatmadaw and the people are in unity will each region as well as the whole country develop.

The Senior General presented foodstuffs for military units from relevant stations and wife of the Senior General gave cash assistance for the station maternal and child welfare association to officials.

After the meetings, the Senior General and party cordially greeted officers, other ranks and families and inspected the regiments and units of the stations in a motorcade.

Afterwards, the Senior General separately met with departmental personnel serving in Yathedaung and Buthidaung and town elders at the halls of township General Administration Departments.


Senior General Min Aung Hlaing greets Tatmadaw members and families.

Maj-Gen Aung Myo Tun from the Office of the Commander-in-Chief, assigned special duties in Yathedaung Township and town elders reported on loss and damaged caused by cyclone Mocha, search, rescue and rehabilitation tasks, relief aid supplies, plans to build shelters resistant to natural disasters, needs to continue the supply of rice, cooking oil and tarpaulins, repair the significant religious buildings damaged by the storm in Buthidaung and make the Maungdaw-Buthidaung transport route neat and tidy, and necessary measures to fill



Senior General Min Aung Hlaing meets departmental officials in Yathedaung.

*See Page 13*


Senior General Min Aung Hlaing meets departmental officials in Buthidaung.

*From Page 12*

OG vacancies in Buthidaung Township Hospital and build a drinking water tank for summer.

The Senior General said he came to Yathedaung and Buthidaung townships to fulfil needs in the aftermath of the cyclone. Although road transport was poor in these townships, it has now improved to a certain degree. Natural disasters are unavoidable but loss and damage can be minimized through preparedness measures.

As to requirements of aid supplies, they will be systematically provided in order of priority. Plans will also be made to appoint required health staff members as quickly as possible. Yathedaung was on a track of the storm, so great loss and damage occurred. Thanks to the preparedness measures, only about 37 people died. Rehabilitation tasks are a must, but focus must be placed on long durability as a natural disaster may come at any time.

Yathedaung has progressed more than ever. Yet, it is necessary to have a systematic town plan with all town dwellers living in a disciplined manner. With greater development, the town also needs to improve traffic rules and living standards. Self-reliance is necessary for economic growth. The strength of a nation lies within. The State for its part will provide relief and food supplies.

The establishment of industries based on already existing agricultural and livestock resources will contribute to regional development. Buthidaung has a lot of arable land that needs to be effectively used. Meat and fish needs can also be met with systematic livestock breeding.


Those present at the meeting.

By doing so, per capita income and living standards will improve. Income should be earned through legal ways. Measures must be taken to ensure no illicit drug production and smuggling. As it is the westernmost part of the country, the town must be protected with a nationalistic spirit. As they live within Myanmar, they need to act loyally. All those living on the same land and drinking the same water need to be united. National prosperity and food sufficiency are the country's national aim. Socio-economic development and regional progress can be brought about by those living in that region. Water resources the region possess must be efficiently tapped. With regional peace and stability, regional development tasks can be carried out quickly. So, measures are necessary to ensure regional peace and stability. Human resources are essential for ensuring regional development, so education must be encouraged. Younger generation must be nurtured for greater development. Education must be encouraged to have a brighter future for them. Education must also be improved to ensure greater regional development in future.


Senior General Min Aung Hlaing presents foodstuffs.

Skills and knowledge must be sought through schooling that will bring about regional and national progress, said the Senior General.

After the meetings, the Senior General presented relief supplies to officials and town elders from the respective townships. Then, the Senior General and party cordially greeted those present. 100

# Spain coast guard rescues 86 people during search for missing migrant boat

**Madrid July 10**

The Spanish coast guard has rescued 86 people from a boat after launching a search for migrants who went missing at sea more than a week ago.

The rescued vessel is said to have been 70 nautical miles (130km) south-west of the Canary Islands, and was carrying people from sub-Saharan Africa.

Spanish officials say they were aided in their rescue by another nearby boat.

Two similar boats carrying dozens more people are said to be still missing. There are few details about them.

Walking Borders, a migrant aid group, told the BBC that one had about 65 people on board, the other up to 60.

They are thought to have left Senegal on 23 June - four days before the larger vessel. This one sailed from Kafountine, a coastal town in Senegal that is roughly 1,700km from Tenerife, according Walking Borders.

The group earlier estimated that the larger vessel had 200 people on board - including many children - when it left Kafountine on 27 June, heading for the Canary Islands.

The coast guard vessel and the container ship that assisted it are now heading towards Gran Canaria island, according to marine tracking data monitored by BBC Verify.

Those rescued include 80 men and six women. It is not clear whether all those who had been on board have been rescued.

BBC

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects rehabilitation activities in Sittway, Rakhine State, and gives necessary guidance




Senior General Min Aung Hlaing goes round at Sittway beach.

**Nay Pyi Taw July 10**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo, Dr Aung Kyaw Min, Lt-Gen Yar Pyae, union ministers, the chief of General Staff (Army, Navy and Air), senior military officers from Office of Commander-in-Chief, and officials, arrived at Sittway in Rakhine, which was hit by natural disaster, inspected rehabilitation activities and gave necessary guidance.

**Sanitation and beautification of Sittway and Shukintha Road**

The Senior General and party left the airport and observed rehabilitation activities in Sittway and the road in a motorcade. Rakhin State Chief Minister U Htein Lin, Union Minister for Construction U Myo Thant and officials reported on ongoing repair works in the areas along the road at the View Point that were damaged by the cyclone Mocha.

In response, the Senior General said long-term benefit of the areas must be prioritized more than the cost. Shukintha Road must be turn into the ring road running along the sea beach. Motorways and platforms should be systematically built and the road must be extended till they are safe for the public. The ring road must include fitness areas and passages to the beach and drainage system. As earth and sand can weaken the road's durability, it must be kept clean.

The Senior General and party inspected the View Point and spoke of the need to restore its former pleasantness and beautify. They then inspected rehabilitation activities along Shukintha Road.

**Relief and rehabilitation equipment distribution inspected, honorary cash awards presented**

At the multipurpose port, the Senior General and party inspected preparations to distribute relief and rehabilitation aid, being unloaded from MV ROYAL VENUS by manpower and machine power, to storm-hit areas and looked into the requirements of the reports presented by officials.

The Senior General gave words to encourage to members of Myanmar Police Force, who were taking part in rehabilitation undertakings and presented honorary cash awards for them through an official.

**Presentations on relief and rescue undertakings and rehabilitation activities**

The Senior General heard a report, presented by the chief minister, on phase-by-phase implementation of relief and rehabilitation works in Rakhine State in accord with the guidance of the Senior General, betterment of road transportation, progress in repairing basic education schools, healthcare undertakings of hospital staff, nurses and Red Cross members, progress in restoring TV channels, collective rehabilitation undertakings of Tatmadaw, MPF and RC members, clean water supply, distribution of farm products at reasonable prices by the local government and Tatmadaw, planting of windbreakers and extension programs along the beach, close supervision of senior military officers, union ministers on rehabilitation activities, formation of work committees, transportation of rehabilitation aid for providing food, education, restoration of religious buildings by military vessels and aircraft and private vessels in accord with the Senior General's guidance, constant supply of food items of various kinds and drinking water to ensure food safety, arrangements to ascertain that relief aids actually reach every storm victim, timely distribution of construction materials to repair houses, requirements, repair of Sittway University, Computer Science University, government institute and schools, student enrolment at basic and higher education sectors in academic year 2023-2024, repair of health facilities in 17 townships, distribution of health aids, public healthcare, repair of religious buildings and provision of requirements, pagoda renovation programs, use of funds provided by the State in relief and rehabilitation activities, systematic use of cash donation in Rakhine State, progress in restoring communication facilities,

Responsible officials) reported to the Senior General on relief and rehabilitation efforts for respective sectors including community work carried out by mobile telecommunication operators, completion of repair tasks in the electricity sector and electricity supply, measures being taken to resume electricity supply to villages, cultivation of monsoon paddy and

*See Page 15*



Senior General Min Aung Hlaing gives instructions to officials.




Senior General Min Aung Hlaing inspects arrivals of relief supplies.



Senior General Min Aung Hlaing greets police force members.



Senior General Min Aung Hlaing hears report on plans to build a school shelter.

*From Page 14*

efforts made to boost per-acre yields, availability and distribution paddy seeds in Rakhine State, distribution of farming implements to townships, tasks being carried out to purchase cattle to be redistributed to storm-hit areas, rural development tasks implemented under the Green Project, damage caused to fishing trawler by the storm, cooperation to solve issues in repairing hatcheries for freshwater fish, distribution of fingerlings to fish farmers, measures being taken to supply sufficient fish and prawn fingerlings at hatcheries, arrangements made to replant teak, shady windbreak trees and mangroves, and planting trees by organizing monsoon tree planting campaigns.

Then, union ministers Lt-Gen Tun Tun Naung, U Min Naung, U Hla Moe, Dr Nyunt Pe and U Myo Thant, deputy ministers and state-level departmental officials reported to the Senior General on relief and rehabilitation efforts of respective ministries, repair tasks of basic education high schools, measures taken to build schools that can also be used as shelters, upgrading of natural disaster shelters in Rakhine State and requirements for respective sectors of relevant ministries.

**Efforts called for making Sittway more developed than before by considering long-term benefits**

After hearing reports, the Senior General said he visited Sittway again to fulfill requirements for making Sittway better and more developed than before. To build a modern urban area, it is necessary to upgrade communication routes in the city while measures are being taken to construct up-to-date buildings. In carrying out rehabilitation tasks, measures must be taken by considering long-term benefits of the state.

In doing so, it is mainly necessary to make efforts to provide sufficient food, water, basic needs, rice and edible oil. Measures must also be taken to make paddy seeds for agricultural farms in a timely manner and it is important that paddy seeds available meet the requirements of the state. In carrying out livestock breeding tasks, it is necessary to set up modern and systematic farms. As Rakhine State has raw materials for animal feeds to carry out livestock breeding tasks successfully, production of the livestock breeding sector will be boosted if the feeding system and water supply system are properly implemented. It is also necessary to carry out breeding tasks of saltwater fish and prawn, which have strong market demands, phase by phase.

In reconstructing basic education schools, it is necessary to take systematic measures to construct buildings that can be used not only for learning for students but also for taking shelter when necessary. Assistance must be offered for monastic education schools damaged by the storm. In distribution of aid to storm victims, It is important to manage aid systematically in accordance with the level of damage they suffered. Measures must be taken as a special task to fulfill the need for timber for rehabilitation. As it is harmful for health if damage and rubbish are not cleared systematically in respective areas, sanitation tasks must be carried out properly. The state health department has been urged to lead negotiations with in-service physicians and medical officers and retired local physicians to give emergency treatments and advanced therapies at the Sittway General Hospital. The government is ready to provide necessary medical supplies and medical equipment. By doing so, more healthcare services for local residents can be provided.

As electricity has been supplied from the national grid, disruption of power supply can occur during natural disasters. Therefore, it is necessary to find out ways and means to generate electricity in the state. As electricity can be generated by using rice husk fuel or by setting up small and medium hydropower stations with the use of water resources, it is necessary to conduct feasibility studies. Then, the Senior General coordinated with union ministers and responsible officials.

**Guidance given for requirements**

Afterward, the Senior General gave guidance for requirements, saying he inspected damage caused by Cyclone Mocha, which hit Rakhine State on 15 May, and gave necessary guidance. It was found that certain progress had been achieved in rehabilitation within two months after the natural disaster. It was also found that there were some requirements in clearing damage caused by the storm in certain areas and responsible officials are required to urge local residents to clear damage in their residential compounds.

Durability and long-term existence is important in repairing the current buildings for future disasters. In doing so, there are two parts: one that the State is able to undertake; and the other that the people can do. It is seen that some buildings were damaged as priority was given to good look rather than long-term durability when being constructed. Therefore, it is necessary to ensure systematically measured and constructed buildings for long-term durability and existence. Regarding substitutes for the damaged buildings, there are buildings that need to be heavily repaired as well as new homes to be built.

Ministries concerned and officials at regional level need to systematically work together in upgrading construction works. The State is helping fulfill the needs of foodstuffs and others on the managerial and financial fronts as much as it can. Besides the assistance of the government, if the local residents themselves participate in the rehabilitation measures, there will be progress in taking the measures.



Senior General Min Aung Hlaing meets departmental officials in Sittway.

If the regional government, officials and local people work together, Rakhine State may achieve more development than its original situation. It is necessary to take action against those who take advantage of any disorder and sell construction materials at exorbitant prices with a selfish sense when a natural disaster is experienced and when the people are facing difficulties and hardships. Effective penalties must be given to such people under the law. The situation should not be exploited over residents for one's own interests. Therefore, officials need to conduct systematic supervisory measures.

To ensure convenience on foods for the time being, rice, edible oil and others are being delivered to the cyclone-affected areas in the region. Similarly, chicks are delivered to the state to be helpful to meat consumption in the region. As meat, fish and eggs will always be needed in the region, it is necessary to effectively take measures for livestock farming. Doing so will be helpful to the security of meat and fish for Rakhine State.

Regarding agriculture, high-yield seeds agreeable with the region and bearable with the climate are needed. If there is systematic land preparation, systematic use of inputs and chemical fertilizer, adequate cultivation water and correct agricultural methods, the yield will be higher. Systematic measures in any agricultural business will lead to achieving success. I like to see Rakhine State systematically achieving success in agriculture and livestock industry. To achieve so, it is necessary to have good human resources rich in knowledge and skill in the region. Therefore, it is necessary to ensure students' completion of the academic year and 100 percent in grade transition levels. As today is the education age, education must be encouraged. Rakhine is a state rich in educated people and encouragement is to continue to be given in respect of promotion of education.

Classes on livestock agriculture and technology are being conducted in order that basic education on those subjects will be obtained. Through those classes, outstanding students are able to learn further advanced studies on a basis of subject. Students studying presently in the region will play a key role for more development of Rakhine State in the future. Therefore, officials are to conduct systematic measures of supervision on promoting education. The State is training education personnel as well as taking measures to fulfill the need of teachers in Rakhine State. Doing so is for the development of Rakhine State in the future.

The government officials, departmental personnel, security personnel and volunteers are making efforts with might and main to take rehabilitation measures in the cyclone-affected areas in Rakhine State, and if the local residents work together with them, Rakhine State may achieve more development than its original situation. The government is endeavouring for development of all regions and states and improvement of socio-economic life of the people, and the local residents in Rakhine State and civil servants discharging duties in the region are to make efforts and work together for regional development. All are urged to make more efforts than that in regular time in taking rebuilding measures for the damaged due to the cyclone. 100

# ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ပုဏ္ဏားကျွန်းမြို့၊ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့နယ်တို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇူလိုင် ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် လိုက်ပါလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ဒဏ်သင့် ပုဏ္ဏားကျွန်းမြို့၊ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့နယ်တို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်မင်္ဂလာကြီးတံတားပြန်လည်ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဗိုလ်ချုပ်ကြီးမြထွန်းဦးက မိမိတို့ဌာနအလိုက် လုပ်ငန်းတာဝန်များကို စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်နေကြသည်ကိုတွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ လစဉ်လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နေကြသည်ဟုသိရှိရပါကြောင်း၊ အုပ်ချုပ်ရေးတာဝန်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းစည်းလုံးလုံးဖြင့် လုပ်ဆောင်ပေးကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့ရောက်ရှိဖြန့်ဖြူးနေမှုအခြေအနေ၊ ထွန်စက်နှင့် လက်တွန်းထွန်စက်များ ဖြန့်ဖြူးပေးထားမှုနှင့်ထွန်ယက်နေမှုအခြေအနေ၊ မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များထောက်ပံ့ပေးနေမှုအခြေအနေ၊ မုန်တိုင်းဒဏ်သင့် အခြေခံပညာကျောင်းများနှင့်ဘုန်းတော်ကြီးသင်ကျောင်းများပြုပြင်ပြီးစီးမှု၊ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့်ဆက်သွယ်ရေးလိုင်းများပြုပြင်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီးမြထွန်းဦးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် မြို့မရဲစခန်း၌ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့်တွေ့ဆုံ၍ စခန်းအတွက်လိုအပ်ချက်များကို မှာကြားကာ ဒုတိယရဲချုပ်က တပ်ဖွဲ့ဝင်မိသားစုများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် စခန်းအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၏ငွေတိုက်အား ကြည့်ရှုစစ်ဆေးပြီး ငွေတိုက်လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုကြပ်မတ်ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် မောင်တောမြို့သို့သွားရောက်ပြီး အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ၏မိသားစုများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်မိသားစုများအတွက် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် မောင်တောမြို့ သာသနာ့ဗိမာန်၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ဆန်၊ဆီ၊ရေသန့်စက်နှင့်စားသောက်ဖွယ်ရာများကိုပေးအပ်ကြပြီး အဆိုပါသာသနာ့ဗိမာန်၌ မောင်တောမြို့နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ကဏ္ဍများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် မောင်တောမြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်တို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့သို့ သွားရောက်ပြီး အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲအစည်းအဝေးခန်းမ၌ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ၏မိသားစုများကို တွေ့ဆုံအားပေးစကား ပြောကြားကာ တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **( သတင်းစဉ်)**

---

**စာမျက်နှာ ၁၇ မှအဆက်**

ယခုထပ်မံရောက်ရှိချိန်တွင် တွေ့ရှိရကြောင်း၊ မုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများ ဖယ်ရှားခြင်းအပိုင်းနှင့် ပတ်သက်၍ အချို့နေရာများတွင် လိုအပ်ချက်များရှိနေသည်ကိုတွေ့ရှိရပြီး ဒေသတွင်နေထိုင်သူများအနေဖြင့် မိမိတို့နေထိုင်ရာအိမ်ခြံဝင်းများအတွင်း အပျက်အစီးများကိုဖယ်ရှားရန်အတွက် တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း။

အဆောက်အအုံများ ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ လက်ရှိအဆောက်အအုံများ ပြင်ဆင်ခြင်းနှင့် နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်မှဆောင်ရွက်ပေးသည့်အပိုင်းနှင့် ပြည်သူများက ဆောင်ရွက်နိုင်သည့်အပိုင်းဟူ၍ရှိကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရေရှည်ခိုင်ခံ့ရေးထက် အလှအပကို ဦးစားပေး ဆောက်လုပ်ခြင်းများကြောင့် အချို့အဆောက်အအုံများပျက်စီးမှုများပြားသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် ရေရှည်ခိုင်ခံ့သည့်အဆောက်အအုံများဖြစ်စေရေးစနစ်တကျဖြင့် တွက်ချက်ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပျက်စီးအဆောက်အအုံများအစားထိုးဆောက်လုပ်ခြင်းနှင့်ပတ်သက်၍လည်း အကြီးစားပြင်ဆင်ခြင်းများရှိသကဲ့သို့ လူနေအဆောက်အအုံများ အသစ်ပြန်လည်ဆောက်လုပ်ရခြင်းများလည်းရှိကြောင်း။

ဆောက်လုပ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်တို့မှ တာဝန်ရှိသူများက စနစ်တကျဖြင့်ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ **နိုင်ငံတော်အနေဖြင့် စီမံခန့်ခွဲမှုများအရ၊ ငွေကြေးအရ၊ စားသောက်ကုန်များနှင့် အခြားလိုအပ်သည်များကို တတ်စွမ်းသရွေ့ကူညီဆောင်ရွက်ပေးလျက်ရှိ**ကြောင်း၊ **အစိုးရ၏ကူညီမှုများသာမက ဒေသတွင်နေထိုင်သူများအနေဖြင့်လည်း မိမိတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြမည်ဆိုပါက လုပ်ငန်းများပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်**ကြောင်း၊ သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ အတူတကွပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရခိုင်ပြည်နယ်အနေဖြင့် မူလအခြေအနေထက်ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

**သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့်အချိန် အများပြည်သူအခက်အခဲအကျပ်အတည်းများ တွေ့ကြုံနေရသည့်အချိန်တွင် ကိုယ်ကျိုးစီးပွားအတွက် ပွဲလန့်တုန်းများခင်းသည့်သူများက ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် တစ်ကိုယ်ကောင်းဆန်သည့်စိတ်ဓာတ်ဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကိုသတ်မှတ်ဈေးနှုန်းများထက် မတန်တဆဈေးနှုန်းများဖြင့် မြှင့်တင်ရောင်းချနေမှုများအပေါ်တွင်လည်း တာဝန်ရှိသူများအနေဖြင့် ဈေးနှုန်းမြှင့်တင်ရောင်းချနေသူများကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားရန်လို**ကြောင်း၊ **ဥပဒေအရ ထိရောက်သည့်ပြစ်ဒဏ်များကို ပေးရမည်ဖြစ်ပြီး မိမိတို့တစ်ဦးတစ်ယောက်ကိုယ်ကျိုးစီးပွားအတွက် ဒေသစံအချင်းချင်းအပေါ် အမြတ်ထုတ်ဆောင်ရွက်ခြင်းမှာ မဖြစ်သင့်**ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

စားသောက်ရေးနှင့် ပတ်သက်၍ လတ်တလောအဆင်ပြေမှုရှိစေရေးအတွက်လည်း ဒေသတွင်းလိုအပ်ချက်ရှိသည့် ဆန်၊ ဆီနှင့် အခြားလိုအပ်သည်များကို ပေးပို့စေလျက်ရှိကြောင်း၊ အလားတူ ဒေသတွင်း အသားစားသုံးမှုအထောက်အကူဖြစ်စေရေးအတွက် မွေးမြူရေးအတွက်လိုအပ်သည့် ကြက်သားပေါက်များကိုလည်း တင်ပို့စေခဲ့ကြောင်း၊ စားရေးနှင့်ပတ်သက်၍ အသားငါးနှင့်ဥအမျိုးမျိုးသည် ဒေသအတွင်းအမြဲမပြတ်လိုအပ်ချက်ရှိနေမည်ဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် ဆောင်ရွက်ကြရန်လိုပြီး ထိုမှတစ်ဆင့် တိုးချဲ့ဆောင်ရွက်သွားမည်ဆိုပါက ရခိုင်ပြည်နယ်အတွင်း အသားငါးများဖူလုံမှုရှိလာမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဒေသနှင့်ကိုက်ညီပြီး ရာသီဥတုဒဏ်ခံနိုင်သည့် အထွက်နှုန်းကောင်းမျိုးများ ဖြစ်ရန်လိုကြောင်း၊ မြေကောင်းမွန်ရေးအတွက် စနစ်တကျမြေပြုပြင်မည်၊ လိုအပ်သည့် သွင်းအားစုနှင့် ဓာတ်မြေဩဇာများကို စနစ်တကျထည့်သွင်းမည်၊ စိုက်ပျိုးရေနှင့် အောင်ရေများလုံလောက်စွာရရှိမည်၊ စိုက်နည်းစနစ်များမှန်ကန်မည်ဆိုပါက အထွက်နှုန်းများ ကောင်းမွန်တိုးတက်လာမည်ဖြစ်ကြောင်း၊ မည်သည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ နည်းစနစ်တကျ ဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့်အောင်မြင်စေလိုကြောင်း၊ ထိုကဲ့သို့စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက်က ဒေသတွင်း၌ အသိပညာအတတ်ပညာပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ များစွာပေါ်ထွန်းလာရန်လိုကြောင်း၊ ထို့ကြောင့် ကျောင်းတက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများ စာသင်နှစ်အတွင်း အတန်းပြီးဆုံးသည်အထိသင်ကြားရန်နှင့် တန်းစဉ်ကူးပြောင်းမှုများ ရာနှုန်းပြည့်မီရန်လိုကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ပညာတတ်များပေါ်ကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ပညာရည်မြှင့်တင်မှုနှင့်ပတ်သက်၍ ဆက်လက်အားပေးဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် အခြေခံပညာများရရှိနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုနည်းပညာသင်တန်းကျောင်းများကိုဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရပ်များအလိုက် အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ရခိုင်ပြည်နယ် ပိုမိုတိုးတက်လာရေးအတွက် ယခုအချိန်တွင် ပညာသင်ကြားလျက်ရှိသည့် ဒေသတွင်းမှ ကျောင်းသား၊ ကျောင်းသူများသည် အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် ပညာရည်မြှင့်တင်ရေးကို စနစ်တကျကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပညာရေးဆိုင်ရာဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွက် လိုအပ်သည့် ဆရာ၊ ဆရာမများကိုလည်း ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းမှာ အနာဂတ်ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း။

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) မုန်တိုင်းဒဏ်ခံခဲ့ရသည့်ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်နေထိုင်ကြသူများအနေဖြင့်လည်း အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေများထက် ပိုမိုကောင်းမွန်သည့်ဒေသများအဖြစ် ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသူများ၊ ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဒေသအကျိုးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ပေးရာတွင် ယခင်ပုံမှန်ဆောင်ရွက်နေသည်များထက် ပိုမို၍ ခွန်အားစိုက်ထုတ် လုပ်ဆောင်ကြရန် မှာကြားလိုကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘူးသီးတောင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံ အမှာစကားပြောကြားစဉ်။**

☆ **ကျောဖုံးမှအဆက်**

အဖွဲ့ဝင်များသည် ရသေ့တောင်တပ်နယ်နှင့် ဘူးသီးတောင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို နယ်မြေခံ တပ်ခန်းမများ၌ သီးခြားစီတွေ့ဆုံ အမှာစကားပြောကြားရာတွင် မေ ၁၄ ရက်တွင် ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်ခဲ့ကြောင်း၊ မေ ၁၅ ရက်တွင် မိမိအနေဖြင့် ရခိုင်ပြည်နယ် စစ်တွေတပ်နယ်သို့ ရောက်ရှိခဲ့ပြီး သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများကို ကြည့်ရှုကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ အခြားသော တပ်နယ်များသို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခြားသော တပ်မတော်အဆင့်မြင့်အရာရှိကြီးများကို စေလွှတ်၍ ပျက်စီးဆုံးရှုံးမှုများကို ကြည့်ရှုစစ်ဆေးစေခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို စီမံခန့်ခွဲဆောင်ရွက်စေခဲ့ကြောင်း၊ **ရသေ့တောင်တပ်နယ်သည် မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းပေါ်တွင် တည်ရှိနေသည့်အတွက် မုန်တိုင်းဒဏ်ကို များစွာခံခဲ့ရပြီး အပျက်အစီးများစွာရှိခဲ့**ကြောင်း၊ ပျက်စီးမှုများအလိုက် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့ မိသားစုအလိုက်လည်း ပြင်ဆင်နိုင်သည်မှန်သမျှကို ပြင်ဆင်ထားရှိရန်လိုကြောင်း၊ **မိုးတွင်းကာလဖြစ်သဖြင့် လုံလုံခြုံခြုံဖြင့် နေထိုင်နိုင်ရေး ဦးစွာဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ဘူးသီးတောင်တပ်နယ်အနေဖြင့် ထိခိုက်မှု အနည်းငယ်သာရှိခဲ့သည်ကိုတွေ့ရှိရကြောင်း။

ရခိုင်ပြည်နယ်အတွင်း မိုခါမိုတိုင်းဖြစ်ပေါ်ခဲ့ချိန်တွင် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အသေအပျောက်အနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံအတွက် စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်လျက်ရှိပြီး မည်သူတရားပျက်ပျက် ကိုယ်မပျက်သည့်စိတ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်ကာလအတွင်း ဘက်ပေါင်းစုံမှ တိုက်ခိုက်မှုများနှင့် ပိတ်ဆို့မှုများရှိကြောင်း၊ ထိုသို့နိုင်ငံရေးအခက်အခဲများ ကြုံတွေ့နေရချိန်၌ မိုခါမုန်တိုင်းကျရောက်ခဲ့ခြင်းကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိနိုင်ကြောင်း။

မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှိသမျှအင်အားဖြင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းသင့်ဒေသအတွက် စေတနာရှင်ပြည်သူများကလည်း အလှူငွေများကို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြကြောင်း၊ ပြည်ပနိုင်ငံအချို့ကလည်း ကူညီဆောင်ရွက်ပေးမှုများရှိကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိသည်ဆိုသည့်အတိုင်း ပြည်တွင်းအားကိုအဓိကထား၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ချိန်တွင် ဒေသအလိုက်တပ်များတွင်လည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ပြင်ဆင်ဆောင်ရွက်ရာတွင်လည်း ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် ပြင်ဆင်ဆောင်ရွက်နေခြင်း ဖြစ်သဖြင့် အချိန်အတိုင်းအတာတစ်ခုထိ ကြာမြင့်နိုင်ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် စိတ်ဓာတ်ရေးရာအရ ကြံ့ကြံ့ခံ၍ နေထိုင်ဆောင်ရွက်ကြစေလိုကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရသေ့တောင်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘူးသီးတောင်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။**

တပ်မတော်သားတိုင်းအနေဖြင့် မိမိကိုယ်ကို၊ မိမိဒေသ၊ မိမိတိုင်းပြည်ကို ကာကွယ်နိုင်ရေး စစ်အတတ်ပညာများကို တတ်မြောက်ကျွမ်းကျင်နေရမည်ဖြစ်ကြောင်း၊ ထို့ပြင် လေ့ကျင့်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုနှင့် စားသောက်မှုများ ရှိရမည်ဖြစ်ကြောင်း၊ အရက်သေစာသောက်စားခြင်း၊ ဆေးလိပ်သောက်သုံးခြင်းတို့နှင့် ပတ်သက်၍လည်း တစ်ဦးချင်း ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိဘဝ အောင်မြင်တိုးတက်ရေးအတွက် မိမိကိုယ်ကို အလိုမလိုက်ရန်နှင့် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြရန်လိုကြောင်း။

**ဒေသခံပြည်သူများသည် မိမိတို့၏ တိုင်းရင်းသားများဖြစ်ပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်း အတူရှုနေကြသူများဖြစ်သဖြင့် ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီးဖြင့် သူ့အကျိုးဆောင်၊ ကိုယ့်အကျိုးဆောင်ဖြင့် နေထိုင်သွားမည်ဆိုပါက ဒေသတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ တပ်တွင်းတပ်ပြင် စည်းလုံးညီညွတ်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ယခုသဘာဝဘေးဒဏ် ကျရောက်ခဲ့ချိန်တွင်လည်း အစိုးရ၊ တပ်မတော်တို့ ပူးပေါင်း၍ ဒေသ၏အကျိုးစီးပွားများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက ဒေသတစ်ခုချင်းမှအစပြု၍ နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တပ်နယ်အသီးသီးမှ တပ်ရင်းတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တပ်နယ်များရှိ တပ်နယ်တပ်ရင်းများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရသေ့တောင်မြို့နှင့် ဘူးသီးတောင်မြို့တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမများ၌ သီးခြားစီတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ရသေ့တောင်မြို့နယ်တွင် အထူးတာဝန်ပေးအပ်ထားသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်အောင်မျိုးထွန်းနှင့် ရသေ့တောင်မြို့နယ် မြို့မိမြို့ဖများက ရသေ့တောင်မြို့နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိမှု၊ ရသေ့တောင်မြို့နယ်အတွင်း သဘာဝဘေးဒဏ်ခံ အဆောက်အအုံ Shelter များ ဆောက်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိမှုနှင့် ဆန်၊ ဆီနှင့် မိုးကာစများ လိုအပ်ချက်များကို ဆက်လက်ထောက်ပံ့ပေးရန် လိုအပ်မှု၊ သဘာဝဘေးဒဏ်ကြောင့် **စာမျက်နှာ ၂၀ သို့**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက ရသေ့တောင်တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက ဘူးသီးတောင်တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။**

စာမျက်နှာ ၁၉ မှအဆက်

ပျက်စီးခဲ့ရသည့် ရသေ့တောင်မြို့ ကျက်သရေဆောင် သာသနိက အဆောက်အအုံများကို ပြန်လည်ပြင်ဆင်ပေးစေလိုမှုနှင့် ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှုတို့ကိုလည်းကောင်း၊ ဘူးသီးတောင်မြို့မှ မြို့မိမြို့ဖများက မောင်တော-ဘူးသီးတောင် ဆက်သွယ်ထားသည့်လမ်းကြောင်း တစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေးစေလိုမှု၊ ဘူးသီးတောင်မြို့နယ်ဆေးရုံ၌ သားဖွားဆရာဝန် လိုအပ်လျက်ရှိမှု၊ နွေရာသီတွင် သောက်သုံးရေလိုအပ်ချက်ရှိသဖြင့် သောက်သုံးရေသို့လှောင်ကန် ဆောင်ရွက်ပေးစေလိုမှုတို့ကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သဘာဝဘေးဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရသေ့တောင်မြို့နယ်တွင် အထူးတာဝန်ပေးအပ်ထားသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်အောင်မျိုးထွန်းက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆိုင်ကလုန်း မုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သည် ယခင်ကသွားရေးလာရေး ခက်ခဲသည့် ဒေသများဖြစ်သော်လည်း ယခုအခါတွင် လမ်းပန်းဆက်သွယ်ရေး အတိုင်းအတာတစ်ခုထိ ကောင်းမွန်လာခဲ့ပြီဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍ရနိုင်သည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခြင်းဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်အောင် ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

မြို့နယ်အသီးသီးမှ တင်ပြချက်များအပေါ် ထောက်ပံ့ရေးပစ္စည်းများ လိုအပ်မှုနှင့်ပတ်သက်၍ ဦးစားပေးသတ်မှတ်ချက်များအလိုက် စနစ်တကျတွက်ချက်၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်များကိုလည်း အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး စီမံပေးသွားမည်ဖြစ်ကြောင်း၊ **ရသေ့တောင်မြို့နယ်သည် မုန်တိုင်းဖြတ်ကျော်ရာလမ်းကြောင်းပေါ်တွင် ရောက်ရှိနေသည့်အတွက် အထိအခိုက်အပျက်အစီးများ များပြားခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများ ရှိခဲ့ခြင်းကြောင့် ၃၇ ဦးခန့်သာ သေဆုံးခဲ့ခြင်းဖြစ်**ကြောင်း၊ ဘူးသီးတောင်မြို့နယ်သည် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြို့နယ်များအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သဘာဝဘေးဒဏ်သည် အချိန်မရွေး ရောက်ရှိလာနိုင်သည်ဖြစ်သည့်အတွက် ရေတိုကောင်းမွန်ရေးအတွက်သာ ဆောင်ရွက်ခြင်းမျိုး မပြုလုပ်ကြစေလိုဘဲ ရေရှည်ခိုင်ခံ့ကောင်းမွန်ရေးကို အဓိကထား ဆောင်ရွက်ကြစေလိုကြောင်း။

**ရသေ့တောင်မြို့သည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရသော်လည်း စနစ်ကျနသည့် မြို့အကွက်ချပုံစံရှိရန်နှင့် မြို့နေပြည်သူများအားလုံး စည်းကမ်းစနစ်တကျရှိရန်လို**ကြောင်း၊ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ နေထိုင်မှု စည်းကမ်းများသည်လည်း တိုးတက်ကောင်းမွန်လာရန် လိုကြောင်း၊ စီးပွားရေးကောင်းရန်အတွက် ကိုယ့်အားကိုယ်ကိုးရန်လိုကြောင်း၊ တိုင်းပြည်၏ အားသည် ပြည်တွင်း၌သာရှိကြောင်း၊ ပြန်လည်ထူထောင်ရေးပစ္စည်းနှင့် စားရေးအတွက် လိုအပ်ချက်များကိုလည်း နိုင်ငံတော်က ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း။

ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ဘူးသီးတောင်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်သည့် မြေများများစွာရှိကြောင်း၊ အဆိုပါမြေများကို အကျိုးရှိထိရောက်စွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူဆောင်ရွက်မည်ဆိုပါက အသား၊ ငါး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေများရရှိပြီး လူနေမှုအဆင့်အတန်းများ မြင့်တက်လာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေရရှိရေး တရားဝင်နည်းလမ်းများဖြင့်သာ ဆောင်ရွက်ကြစေလိုကြောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ **မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံးနယ်မြေဖြစ်သဖြင့် တိုင်းပြည်ကိုချစ်သည့်စိတ်ဖြင့် ကာကွယ်**ရန်လိုကြောင်း၊ **မြန်မာနိုင်ငံအတွင်းနေထိုင်သူများဖြစ်သဖြင့် မိမိတို့နေထိုင်သည့်မြေပေါ်တွင် သစ္စာရှိရှိဖြင့် ဆောင်ရွက်ရန်လို**ကြောင်း၊ **တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်းရှူနေကြသူများဖြစ်သဖြင့် အားလုံးညီညီညွတ်ညွတ်ဖြင့် နေထိုင်ကြရန်လို**ကြောင်း၊ မိမိတို့၏ **အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေးပင်ဖြစ်**ကြောင်း။

ဒေသတွင်နေထိုင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင် ပိုင်ဆိုင်ထားသည့် အရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် **ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ ပညာတတ်လူသားအရင်းအမြစ်များသည်လည်း မဖြစ်မနေလိုအပ်**ကြောင်း၊ ထို့ကြောင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ **လက်ရှိအခြေအနေထက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ မျိုးဆက်သစ်ကလေးငယ်များကို ကောင်းမွန်စွာ မြေတောင်မြှောက်ပေးရန်လို**ကြောင်း၊ **၎င်းတို့၏ အနာဂတ်ကို ကောင်းစေလိုပါက ပညာရေးကို အားပေးရမည်ဖြစ်သကဲ့သို့ နောင်အနာဂတ်တွင် ဒေသဖွံ့ဖြိုးတိုးတက်စေလိုပါက ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်သည့်ဒေသနှင့် နိုင်ငံတော်ကို ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် ပညာရေးကို အလေးထား ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်အသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက လက်ခံရယူခဲ့ကြကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရသေ့တောင်မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘူးသီးတောင်မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

# အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ၌ နဝမအကြိမ် အိမ်ရာနှင့် တိုက်ခန်းသော့များ လွှဲပြောင်းပေးအပ်




**နေပြည်တော် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်ကြမည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား နဝမအကြိမ် အိမ်ရာနေရာချထားပေးခြင်းနှင့် တိုက်ခန်းသော့များ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အဆိုပါအိမ်ရာ၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်ကြမည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို အိမ်ရာနေထိုင်ခွင့်လက်မှတ်နှင့် အခန်းသော့များ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများ ပေးအပ်ကာ အိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း အိမ်ရာနေထိုင်ခွင့်ရရှိသူတစ်ဦးကို နေထိုင်ခွင့်လက်မှတ်နှင့် အခန်းသော့ လွှဲပြောင်းပေးအပ်စဉ်။**

# ဖျာပုံမြစ်ဝတွင်သောင်တင်နေသော ကုန်တင်ရေယာဉ်တစ်စီးကို တပ်မတော်(ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင်ဧရိယာအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် အမြန်သွားကင်းလှည့်ရေယာဉ်က ကူညီဆောင်ရွက်ပေး

**နေပြည်တော် ဇူလိုင် ၁၀**

တပ်မတော်(ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင်ဧရိယာအတွင်း တာဝန်ထမ်းဆောင်နေသော အမြန်သွားကင်းလှည့်ရေယာဉ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၉ ရက် ည ၁၁ နာရီခန့်၌ ဖျာပုံမြစ်ဝတွင် ကုန်တင်ရေယာဉ်တစ်စီး သောင်တင်နေကြောင်း သတင်းရရှိသဖြင့် သွားရောက်ခဲ့ရာ ဖျာပုံမြို့မှ မြိတ်မြို့သို့ ထွက်ခွာလာသော MV LASHIO ကုန်တင်ရေယာဉ်သည် တက်မထိန်းစနစ်ချို့ယွင်းပြီး သောင်တင်လျက်ရှိနေသည်ကို တွေ့ရှိသဖြင့် ကုန်တင်ရေယာဉ်ပေါ်ရှိ ရေလုပ်သားများကို ကျန်းမာရေးနှင့် အခြားလိုအပ်သည့် အကူအညီပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကူညီဆောင်ရွက်ပေးရာတွင် ဖျာပုံမြစ်ဝ ဒီရေအမြင့်ဆုံးအချိန်ဖြစ်သည့် ယနေ့ နံနက် ၈ နာရီခန့်တွင် MV ချမ်းလတ်လတ် ကုန်တင်ရေယာဉ်ဖြင့် သောင်တင်နေသည့် MV LASHIO ကုန်တင်ရေယာဉ်ကို သောင်မှလွတ်မြောက်အောင် ကူညီတွဲဆွဲစေခဲ့သည်။ ၎င်းနောက် အဆိုပါရေယာဉ်သည် တက်မထိန်းစနစ်ချို့ယွင်းလျက်ရှိသဖြင့် MV ချမ်းလတ်လတ် ကုန်တင်ရေယာဉ်မှ Side Tow ဆွဲ၍ ဖျာပုံမြို့တွင် ပြန်လည်ပြုပြင်နိုင်ရေးတို့ကို အဆင်ပြေအောင်မြင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။





**ဖျာပုံမြစ်ဝတွင်သောင်တင်နေသော ကုန်တင်ရေယာဉ်တစ်စီးကို တပ်မတော်(ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင်ဧရိယာအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် အမြန်သွားကင်းလှည့်ရေယာဉ်က ကူညီဆောင်ရွက်ပေးပြီး ရေလုပ်သားများကို လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးစဉ်။**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။


ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အမှတ်(၁) ရပ်ကွက်နေ ကိုကိုလွင်သည် ၎င်းအသုံးပြုသည့် “Ko Ko Lwin” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ခူမီးအမျိုးသားပါတီ၏ အလံပုံစံ



ခူမီးအမျိုးသားပါတီ၏ တံဆိပ်ပုံစံ




၁။ ချင်းပြည်နယ် ပလက်ဝမြို့ ရိက္ခာရပ်ကွက် အောင်စောင်လမ်း အိမ်အမှတ်(၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ခူမီးအမျိုးသားပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၇-၇-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နယ်မြေခံဆေးကုသရေးအဖွဲ့က မုန်တိုင်ကျေးရွာရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာအတွင်းရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အုဌ်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် လေးပါးနှင့် ဒေသခံပြည်သူ ၄၀၄ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျွဲအိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး"** ခေါင်းစဉ်ဖြင့် ၁၂-၇-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီ တွင် **"အရာတော်မြို့နယ် ငွေတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် သံဃာတော် သုံးပါး ထိခိုက်ဒဏ်ရာရရှိပြီး အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦး သေဆုံးခဲ့သည့်ဖြစ်စဉ်"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေး အချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဇူလိုင် ၁၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦး တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ဇူလိုင် ၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၅၄၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၈၀၃ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၅၈၈ ဦး |

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် IDA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ တတိယအကြိမ်လှူဒါန်း



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လှူဒါန်းမည့်ပစ္စည်းများ စုပွဲပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ တတိယအကြိမ် လှူဒါန်းရန်အတွက် တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ စုပွဲပြင်ဆင်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။

အဆိုပါ လှူဒါန်းပစ္စည်းများဖြစ်သည့် စားအုန်းဆီ ပိဿာ ၁၀၀၊ ကြက်ဥ အလုံး ၁၀၀၀၊ ငါးပိ၊ ငံပြာရည် ပိဿာ ၄၀၀၊ ငါးနီတူခြောက် ပိဿာ ၂၅၀၊ ကြက်သွန်နီ ပိဿာ ၂၀၀၊ အာလူး ပိဿာ ၂၀၀၊ ခေါက်ဆွဲခြောက် ဖာ ၂၀၀ တို့ကို တိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်များဖြင့် သယ်ဆောင်၍ ပုသိမ်မြို့မှ ရန်ကုန်မြို့ရှိ ဗိုလ်အောင်ကျော် ဆိပ်ကမ်းသို့ပို့ဆောင်ပြီး ၎င်းမှတစ်ဆင့် မြစ်ကြီးနားရေယာဉ်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆက်လက်ပေးပို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၁၀**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ထောက်ပံ့ရေးရေယာဉ်တစ်စီးသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်အိတ် ၈၀၀၀ နှင့် ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre) မှ မိသားစုသုံးပစ္စည်း အစုံ ၂၅၉၀၊ မီးဖိုချောင်သုံးပစ္စည်း ၃၁၇၄ စုံ၊ ဆေးဝါးပစ္စည်း အစုံ ၁၅၀၀၀၊ ရွက်ဖျင်တဲ ၁၅၁၆ လုံး၊ ကူညီကယ်ဆယ်ရေးသုံးပစ္စည်း ၁၀၇၆ အိတ်၊ စောင်အထည် ၅၀၀၀၊ သံကြိုးလှေကား ၂၀၊ နေရောင်ခြည်စွမ်းအင်သုံး မီးအိမ် အစုံ ၅၀၊ VRLA ဘက်ထရီ အလုံး ၅၀၊ တာပေါ်လင်လိပ် ၁၀၀၀ နှင့် မွေ့ရာလိပ် အခု ၂၀၀ စုစုပေါင်းကုန်တန်ချိန် ၇၄၉ တန်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်း၌တင်ဆောင်၍ စစ်တွေမြို့သို့ ယနေ့နံနက်ပိုင်းတွင် ထွက်ခွာသွားခဲ့သည်။





ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

အဆိုပါစစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

ဗိုလ်မှူးချုပ်နေဝင်းအောင် ချင်းပြည်နယ် ပလက်ဝမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ မိုခါမုန်တိုင်းဒဏ်ကြောင့် နေအိမ်များပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ဒုတိယအကြိမ် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အနောက်ပိုင်းရပ်ကွက်ရှိ ယပ်လှဲဘုန်းတော်ကြီးကျောင်း၌ ယပ်လှဲကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တစက္ကိန္ဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်သံဃမဟာနာယက(ငြိမ်း) ဆရာတော်ကြီးအမှူးပြုသော သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်ရှိ သံဃာတော်များနှင့် တရားနာပရိသတ်များကို အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှု၍ ဆေးကုသမှုခံယူနေသူများကို တိုင်းရင်းဆေးလုပ်ငန်းရှင်များမှ ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံကို လှူဒါန်းပေးအပ်သည်။

အလားတူ မြောက်ဦးမြို့သို့ရောက်ရှိနေသည့် ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အလယ်ဈေးရပ်ကွက် သဏ္ဍာမာန်အောင်ဘုရားအနီး၌ပြုလုပ်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သစ်ပင်များကို စိုက်ပျိုးခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုသည်။

ထို့အတူ ချင်းပြည်နယ် ပလက်ဝမြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်နေဝင်းအောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ မိုခါမုန်တိုင်းဒဏ်ကြောင့် နေအိမ်များပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ဒုတိယအကြိမ် ထောက်ပံ့ငွေများအားပေးအပ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မာန်အောင်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဈေးတန်းကျောင်း၌ အသက် ငါးနှစ်နှင့်အထက် KG ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

# ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနား ကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်း ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ပညာရေးကျောင်းများ၏ ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(နေပြည်တော်)ရှိ အားကစားခန်းမ၌ပြုလုပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိများ၊ ဆရာ၊ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက အမှာစကားပြောကြားရာတွင် အခြေခံပညာကျောင်းများသည် လူ့အသိုက်အဝန်းတစ်ရပ်၏ အဓိကအရင်းအမြစ်ဖြစ်သော အသိပညာစွမ်းအား၊ အတတ်ပညာစွမ်းအား၊ အတွေးအခေါ်စွမ်းအားစသည် ကဏ္ဍကြီး သုံးရပ်ကို ထုဆစ်ပုံဖော်ပေးနေသည့် ဌာနများဖြစ်ကြောင်း၊ စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ တာဝန်သိတတ်ခြင်း၊ တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်ပြည့်ဝခြင်းစသည့် အချက်များသည် မိမိတို့နိုင်ငံအနာဂတ်နှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် တိုက်ရိုက်သက်ရောက်စေသည့် အခြေခံကောင်းများဖြစ်ကြောင်း၊ ပညာရည်မြင့်မားစေရေးနှင့် ၎င်းအချက်များပြည့်စုံစေရေး ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် အချက်အလက်များကို ဝိုင်းဝန်းဖော်ထုတ်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပညာရေးကျောင်းများနှင့် တပ်မတော်အခြေခံပညာကျောင်းများ၏ အားသာချက်၊ အားနည်းချက် အသီးသီးအပေါ်တွင် လက်တွေ့ကျကျ သုံးသပ်အဖြေရှာပြီး အပြုသဘောဆောင်သည့် အကြံပြုချက်များ ပြုပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ)ဦးကျော်ဆွေက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာကျောင်းများ၌ နိုင်ငံတော်အလံအလေးပြုခြင်း၊ နိုင်ငံတော်သီချင်း သီဆိုခြင်းများဖြင့် ကျောင်းသားကျောင်းသူများ၏ စိတ်တွင် တိုင်းချစ်စိတ်၊ ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းအောင်းစေနိုင်သောကြောင့် နေ့စဉ် ပြုလုပ်ရန်လိုအပ်ပြီး ကျောင်းအားလုံး အလေးထားလိုက်နာစေရေး ဆောင်ရွက်မည့်အခြေအနေ၊ ပညာသင်နှစ်အတွက် သင်ကြားရေးဆိုင်ရာ တာဝန်များကို ကျောင်းမဖွင့်မီ ကြိုတင်ဆောင်ရွက်ရသည့်အတွက် သင်ကြားရေးဝန်ထမ်းများ၏ အပြောင်းအရွှေ့ကိစ္စများကို ကျောင်းမဖွင့်မီ ဧပြီလ(သို့မဟုတ်) မေလအတွင်း ဆောင်ရွက်ပေးနိုင်မှုနှင့် အလယ်တန်းနှင့် အထက်တန်း တွဲဖက်သင်ရိုးဝင် ဘဝတွက်တာကျွမ်းကျင်စရာ သင်ခန်းစာစာအုပ်များ ရရှိရေး ဆောင်ရွက်မည့်အခြေအနေ၊ KG + 12 (5+4+3) စနစ်သစ်ပညာရေးအား လက်ရှိပညာသင်နှစ်တွင် အတန်းစုံ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဖြစ်သဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများ၏ အတန်းပြီးမြောက်မှု စာမေးပွဲများစစ်ဆေးမှု၊ လက်မှတ်များ ထုတ်ပေးမှုနှင့် တက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းပညာများ ဆက်လက် သင်ယူနိုင်မည့် အခြေအနေ၊ စနစ်သစ် Grade-10, Grade-11, Grade-12 သင်ခန်းစာများသည် level တစ်ခုအနေဖြင့် မြင့်မားသည့်အတွက် Grade-9 စာမေးပွဲ အစိုးရစစ်အတွက် စာမေးပွဲ စစ်ဆေးခြင်းနှင့် အတန်းကူးပြောင်းပေးခြင်း မူဝါဒကို ပြောင်းလဲခြင်း ရှိ၊ မရှိ အခြေအနေ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-12 စာမေးပွဲ စစ်ဆေးရေးဆိုင်ရာ အချက်အလက်များနှင့် အဆင့်သတ်မှတ်ချက်များအရ တက်ရောက်ရမည့် တက္ကသိုလ်၊ ကောလိပ်များနှင့် အောင်၊ ရှုံး သတ်မှတ်မှုအခြေအနေစသည့် ခေါင်းစဉ်များအလိုက် အကျယ်တဝင့်ဆွေးနွေးကြရာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး တက်ရောက်ဆွေးနွေးပေးခဲ့သည့် ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | စစ်ကိုင်း | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၀ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၃၅ | ၂၀၁၅ | ၂၁၁၀ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၃၀၀ | ၂၈၂၀ |
| 95 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၀၅ | ၂၁၄၅ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၀ | ၂၂၃၀ | ၂၂၄၅ | ၂၁၄၀ | ၂၁၅၅ | ၂၁၈၅ | ၂၁၈၅ | ၂၁၈၅ | ၂၄၁၅ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၃၅ | ၂၀၈၅ | ၂၀၈၅ | ၂၀၄၅ | ၂၀၈၅ | ၂၁၀၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၉၀ | ၂၁၈၅ | ၂၀၇၅ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၅ | ၂၁၂၅ | ၂၃၅၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၁၅ | ၂၁၆၅ | ၂၁၆၅ | ၂၁၂၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၂၇၀ | ၂၂၆၅ | ၂၁၅၅ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၃၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၁၁၅ | ၂၁၆၅ | ၂၁၆၅ | ၂၁၂၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၂၇၀ | ၂၂၆၅ | ၂၁၅၅ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၃၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၉ | ၁၉၅၀ |
| 95 Ron | ၁၉၉၃ | ၂၀၆၆ |
| HSD (500 ppm) | ၁၉၃၇ | ၂၀၀၅ |
| HSD (50 ppm) | ၂၀၁၁ | ၂၀၈၀ |
| HSD (10 ppm) | ၂၀၁၁ | ၂၀၈၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲမှသည် အနာဂတ်ပညာရေးမြင့်မားရေးပန်းတိုင်ဆီသို့



ပညာရေးကို အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုကြသည်။ **"ပညာရေးဆိုသည်မှာ အမျိုးမျိုးသောသင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့်တန်ဖိုးများ"**ဟု ဖွင့်ဆိုသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဦးတည်ချက် (၁၂) ရပ်၏ လူမှုရေးဦးတည်ချက်တွင်ပါဝင်သည့် **"ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး"** ဆိုသည့်ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏အနာဂတ်ပညာရေးတိုးတက်ကောင်းမွန်စေရေးရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

လူငယ်မောင်မယ်တို့ ပညာရည်ပြည့်ဝ၍ အတွေးအခေါ်မှန်ကန်ကာ နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရေး သင်ကြားပေးရာဌာနသည် အခြေခံပညာကျောင်းများဖြစ်သည်။ အခြေခံပညာကျောင်းများသည် အရေးကြီးသည့်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ကွပ်ကဲမှုအောက်ပညာရေးကျောင်းများနှင့် အခြေခံပညာကျောင်းများ ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိခရိုင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် ပညာရေးမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲမှ ပညာရေးတန်းစဉ်ကူးပြောင်းမှုနည်းပါးခြင်းကို ကုစားနိုင်မည့်နည်းလမ်းများရှာဖွေရေး၊ ကျောင်းတက်သူဦးရေ တိုးတက်လာစေမည့်နည်းလမ်းများရှာဖွေရေး၊ KG+9 ပညာရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ်ဆောင်ရွက်ရေး၊ အသက်မွေးဝမ်းကျောင်း အခြေခံရရှိရေးအတွက် KG+10, 11, 12 တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနည်းပညာရပ်များသင်ကြားရေး၊ လုပ်ငန်းခွင်လက်တွေ့အသုံးကျမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုသိပ္ပံပညာရပ်များ ထိရောက်စွာသင်ကြားပြီး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး၊ အဆင့်မြင့်ပညာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်းကိုပါ အထောက်အကူပြုစေမည့်ပတ်ဝန်းကျင်နှင့်သင်ကြားရေး၊ ဝိဇ္ဇာ-သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များ မွေးထုတ်ရေးနှင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များရှိရန်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ပြီး တိုင်းကျိုးပြည်ပြုရှေ့လုပ်ငန်းစဉ် ရလဒ်ကောင်းများပေါ် ထွက်လာအောင် ဆောင်ကြဉ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် " ပညာသင်နှစ်အတွက် သင်ကြားရေးဆိုင်ရာတာဝန်များကို ကျောင်းမဖွင့်မီ ကြိုတင်ဆောင်ရွက်ရသည့်အတွက် သင်ကြားရေးဝန်ထမ်းများ၏ အပြောင်းအရွှေ့ကိစ္စများကို ကျောင်းမဖွင့်မီ ဧပြီလ သို့မဟုတ် မေလအတွင်း ဆောင်ရွက်ပေးနိုင်မှုနှင့် အလယ်တန်းနှင့်အထက်တန်း တွဲဖက်သင်ရိုးဝင် ဘဝတွက်တာကျွမ်းကျင်စရာ သင်ခန်းစာစာအုပ်များရရှိရေးဆောင်ရွက်မည့် အခြေအနေ၊ ကျောင်းများဖွင့်လှစ်ချိန်တွင် စာသင်ခန်းသုံးပစ္စည်းများ၊ စာရေးကိရိယာများ၊ သန့်ရှင်းရေးပစ္စည်းများ၊ ဆရာ၊ဆရာမများ၏ နေ့စဉ်မှတ်တမ်းစာအုပ်များကို အချိန်မီဖြည့်ဆည်းပေးရာတွင် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နှစ်စဉ်မေလအတွင်း ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသော ရုံးစာရေး၊ သန့်ရှင်းရေး၊ ကျောင်းစောင့်ဝန်ထမ်းများ လစ်လပ်နေမှုအား ဖြည့်ဆည်းခန့်ထားပေးနိုင်မှု ကျောင်းပိုင်းဆိုင်ရာကိစ္စရပ်များအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် နေ့စားလပေးဝန်ထမ်းများ ခန့်ထားဆောင်ရွက်နိုင်မည့်အခြေအနေ၊ Grade-9 အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ တက်ရောက်လျက်ရှိသည့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကျောင်းများသို့ တခြားအထက်တန်းဆင့် ကျောင်းသားများ တက်ရောက်ရန် သတ်မှတ်ထားရှိမှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ ဆုံးရှုံးမှုမရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ KG + 12 (5+4+3) စနစ်သစ်ပညာရေးအား လက်ရှိပညာသင်နှစ်တွင် အတန်းစုံအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများ၏ အတန်းပြီးမြောက်မှု စာမေးပွဲများစစ်ဆေးမှု၊ လက်မှတ်များ ထုတ်ပေးမှုနှင့် တက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းပညာများ ဆက်လက်သင်ယူနိုင်မည့်အခြေအနေ၊ အခြေခံပညာကျောင်းများ၌ နိုင်ငံတော်အလံ အလေးပြုခြင်း၊ နိုင်ငံတော်သီချင်းသီဆိုခြင်းများဖြင့် ကျောင်းသား၊ ကျောင်းသူများ၏စိတ်တွင် တိုင်းချစ်စိတ်၊ ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းအောင်းစေနိုင်သောကြောင့် အလေးထားလိုက်နာစေရေး ဆောင်ရွက်မည့်အခြေအနေ၊ စနစ်သစ် Grade-10,Grade-11,Grade-12 သင်ခန်းစာများသည် level တစ်ခုအနေဖြင့် မြင့်မားသည့်အတွက် Grade-9 စာမေးပွဲအစိုးရစစ်အတွက် စာမေးပွဲစစ်ဆေးခြင်းနှင့် အတန်းကူးပြောင်းပေးခြင်း မူဝါဒကို ပြောင်းလဲခြင်းရှိ၊ မရှိ အခြေအနေ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-12 စာမေးပွဲ စစ်ဆေးရေးဆိုင်ရာ အချက်အလက်များနှင့် အဆင့်သတ်မှတ်ချက်များအရ တက်ရောက်ရမည့် တက္ကသိုလ်၊ ကောလိပ်များနှင့် အောင်/ရှုံး သတ်မှတ်မှု အခြေအနေစသည့် ခေါင်းစဉ်များအလိုက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ အပြန်အလှန်အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် တစ်ခုဖြစ်သည့် **"သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေးဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး**ကို ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကစပြီး ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်းကို ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ KG+9 အလယ်တန်းပညာရေး ပြီးဆုံးအောင်မြင်သူများအနေဖြင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တက်ရောက်နိုင်ကြပြီး အသက်မွေးဝမ်းကျောင်း အခြေခံရရှိရေးအတွက် Grade -10 ၊ Grade -11 ၊ Grade -12 အတန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များကို သင်ယူလေ့ကျင့်နိုင်ကြမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာရေးကဏ္ဍအနေဖြင့် ဘာသာရပ်ကျွမ်းကျင်မှုရှိအောင် သင်ကြားပေးသည့်အပြင် လူမှုအသိုက်အဝန်း တိုးတက်မြင့်မားမှုကို အထောက်အကူပြုစေရေးအတွက်ကိုပါ အလေးထားလေ့ကျင့်သင်ကြားပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများစွာထဲတွင် ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုသည် အလွန်အရေးကြီးပါကြောင်း၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏အနာဂတ်အတွက် အကောင်းဆုံးအကျိုးရလဒ်များကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ခွဲဝေပေးလျက်ရှိပါကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာန အပါအဝင် ပညာရေးနှင့်ဆက်စပ်နေသည့် ဝန်ကြီးဌာနများအတွက် ပညာရေးအသုံးစရိတ် စုစုပေါင်း ၃၁၄၆ ဒသမ ၁၄၉ ဘီလီယံခွင့်ပြုထားပါကြောင်း၊ အဆိုပါခွင့်ပြုပေးထားသည့် ပညာရေးအသုံးစရိတ်သည် ပြည်ထောင်စုအသုံးစရိတ်၏ ၉ ဒသမ ၄၈ ရာခိုင်နှုန်းနှင့် ဂျီဒီပီ၏ ၂ ဒသမ ၁၈ ရာခိုင်နှုန်းရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များ နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးပြီး ပညာရေးကဏ္ဍမြင့်မားစေရန် အဘက်ဘက်မှ ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ပညာရေးဝန်ထမ်းများကလည်း မိမိတို့ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုပါကြောင်း" ၂၀၂၃ ခုနှစ် မေလ ၁၈ ရက်နေ့က မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ဖွင့်ပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်တစ်ရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအရာများတွင် ပညာရေးကဏ္ဍသည် ထိပ်ဆုံးမှပါဝင်ပါသည်။ မည်သည့်အရာကိုမဆို မှန်ကန်စွာ ဝေဖန်ပိုင်းခြားပြီး မိမိအတွက်၊ မိသားစုအတွက်၊ တိုင်းပြည်အတွက် ကောင်းကျိုးပြုသည့် ကိစ္စရပ်များကို လုပ်ဆောင်နိုင်ရန် လိုအပ်သည်။ အသိပညာ၊ အတတ်ပညာနှင့် ဝေဖန်ပိုင်းခြားနိုင်ခြင်း မရှိပါက သူတစ်ပါး၏ သွေးဆောင်ဖြားယောင်းမှုအောက်တွင် နစ်မွန်းကာ အညွန့်ကျိုးသွားတတ်သည်။ ကျောင်းသား၊ ကျောင်းသူတိုင်းအတွက် အရေးကြီးသည့် စိတ်ဓာတ်မှာ ပညာရေးကို စိတ်ဝင်စားကာ ပညာတတ်မှ လူရာဝင်မည်ဟူသော အသိရှိထားကြရန် အရေးကြီးလှသည်။

ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အုတ်မြစ်ဖြစ်သည်။ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ **ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပညာရေးရည်မှန်းချက် ၂ ရပ်ဖြစ်သည့်**

**(က) ကျောင်းနေအရွယ်ကလေးအားလုံးပညာသင်ယူခွင့်ရရှိစေရန်**

**( ခ ) အခြေခံပညာအလယ်တန်းအဆင့် KG+9 ပြီးဆုံးသည်အထိပညာသင်ယူနိုင်ရန်**

**ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။**

ပညာမတတ်သည့် နိုင်ငံသားများပြီးပညာရေးနိမ့်ကျသည့်နိုင်ငံသည် အမှန်တကယ်မတိုးတက်နိုင်ဟုလက်ခံထားကြသည်။ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကိုအဓိကတည်ဆောက်ကြရသည်။ **စာမျက်နှာ ၂၆ သို့**

စာမျက်နှာ ၂၅ မှအဆက်

နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေးတိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့် တိုက်ရိုက်အချိုးကျနေသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်သည်။

ကျောင်းနေအရွယ် ကလေးများအားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့် ပညာသင်ယူနိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေးကြရန်လိုအပ်သည်။ Education for All ဆိုသည့်အတိုင်း အားလုံးအတွက် ပညာရေးကိုမဖြစ်မနေအကောင်အထည်ဖော်သွားကြရမည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ကျောင်းနေသူ ၁၉ ဒသမ ၄၄ သန်းတွင် ပဉ္စမတန်းတက်ရောက်သူ ၁၁ ဒသမ ၃၇ သန်း (၅၇ ဒသမ ၂၉ ရာခိုင်နှုန်း)ရှိပြီး အလယ်တန်းအဆင့် ၈ တန်းသို့တက်ရောက်သူ ၇ ဒသမ ၇၈ သန်း (၄၀ ဒသမ ၂၆ ရာခိုင်နှုန်း) သာရှိသည်။ အလားတူ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၅ နှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆ သန်းတွင် သက်မွေးပညာပြီးသူ ၂ ဒသမ ၉ သိန်း၊ ဘွဲ့ရသူ ၃ သန်း ရှိသည်ကိုတွေ့ရသည်။ ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်အထက် လူဦးရေ၊ တစ်နည်းအားဖြင့် အလုပ်လုပ်နိုင်သူ ၂၂ ဒသမ ၉ သန်း အနက်တစ်ဝက်ခန့်သာ အလယ်တန်းအဆင့် ပညာတတ်မြောက်မှုသာရှိသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ပြီး ယင်းအနက် အသက် ၁၅ နှစ်အထက် ၄၅ ရာခိုင်နှုန်းသည် စိုက်ပျိုးမွေးမြူရေး အသက်မွေးဝမ်းကျောင်း၊ ၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါနေသည်။ ၎င်းတို့သည် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံကောင်းများရှိရန် မဖြစ်မနေလိုသည်။ အလယ်တန်းနှင့် အထက်တန်းပြီးမြောက်သူများ တက်ရောက်ကြသည့် နည်းပညာနှင့် သက်မွေးပညာသင်တန်းကျောင်းနှင့် ဒီပလိုမာတန်းပြီးမြောက်သူသည်လည်း တစ်နိုင်ငံလုံးတွင် သုံးသိန်းခန့်သာရှိသည့်အတွက် အလယ်တန်းဆင့်ပြီးမြောက်သူများကို စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် သက်မွေးပညာသင်တန်းများ ပိုမိုတက်ရောက်နိုင်ရန် လမ်းဖွင့်ပေးကြရမည်ဖြစ်ပါသည်။ သုံးသိန်းဆိုသည့် ပမာဏသည်လည်း ၁၅ နှစ်အထက် လူဦးရေ၏ ၁ ရာခိုင်နှုန်းကျော်သာရှိသည်ကို တွေ့ရသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအစီရင်ခံစာတွင် ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြပြီး အသက် ၁၂ နှစ်မှစပြီး ကျောင်းတက်နှုန်းစတင်ကျဆင်းလာကာ အသက် ၁၄ နှစ်နောက်ပိုင်း အလယ်တန်းပြီးမြောက်ချိန်တွင် သိသိသာသာကျဆင်းလာသည်ကို ဖော်ပြထားသည်ကိုတွေ့ရသည်။ ကျောင်းဆက်မတက်သူ ၁၀ ဦးကို မေးမြန်းလေ့လာရာတွင် သုံးဦးသည် မိသားစုကို ကူညီနေရ၍ဟုဖြေဆိုပြီး နှစ်ဦးမှာကျောင်းဆက်တက်ရန် ငွေကြေးမတတ်နိုင်သောကြောင့်ဟု ဖြေဆိုသည်ဟုသိရသည်။ အသက် ၃ နှစ်မှ ၅၀ နှစ်အတွင်း လူဦးရေ၏ ကျောင်းဆက်မတက်ရခြင်း အဓိကအကြောင်းရင်းမှာ မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းခြင်းကြောင့် ၁ ဒသမ ၉ ရာခိုင်နှုန်း၊ ကျောင်းထားရန်ငွေမတတ်နိုင်သည်မှာ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ အိမ်အလုပ်ကူရသည်မှာ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကူရသည်မှာ ၇ ဒသမ ၂ ရာခိုင်နှုန်း၊ စာမေးပွဲကျခြင်း၊ စာမလိုက်နိုင်ခြင်းနှင့် စိတ်မဝင်စားသည်မှာ ၁၂ ဒသမ ၂ ရာခိုင်နှုန်း၊ ကျောင်းကဝေးလွန်းသည်က ၄ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်နေသည်ကို တွေ့ရသည်။

လူငယ်မောင်မယ်တို့အနေဖြင့် မိမိတို့၏ပညာကို အခြေခံ၍ဆင်ခြင်တုံတရား၊ အမှားအမှန်ကိုခွဲခြားနိုင်စွမ်းရှိသည့် ဉာဏ်ပညာပြည့်ဝနေရန် လိုအပ်လှပေသည်။ လက်ရှိကာလတွင် လူငယ်မောင်မယ်တို့အတွက် အကြီးမားဆုံးအန္တရာယ်မှာ လွဲမှားသောအတွေးအမြင်များ သွတ်သွင်းခံရခြင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဆိုသည်မှာ နိုင်ငံတော်အတွက် အားထားရမည့်တက်လူများဖြစ်သည်။ စာသင်ကျောင်းများသည် ကျောင်းသား၊ ကျောင်းသူများ၏ ဘဝခရီးလမ်းတိုးတက်ဖြောင့်တန်းရေးအတွက် သွန်သင်ဆုံးမနည်းလမ်းပြရာ နေရာကောင်းများဖြစ်သည်။ ထို့ကြောင့် ပညာရည်မြင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပကာ ပညာရေးလမ်းပိုမိုကောင်းမွန်ရေးကို ဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်တွင်စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးလျက်ရှိရာ ပညာရည်မြင့်မားပြီး အတွေးအခေါ်မှန်ကန်သည့် လူသားအရင်းအမြစ်များ တိုးတက်များပြားရန်လိုအပ်လှသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ကျောင်းသား၊ ကျောင်းသူတိုင်း ပညာရည်ပြည့်ဝကာ နိုင်ငံတော်က အားကိုးအားထားရသော သားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရေး ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းမှာ လွန်စွာအကျိုးရှိသောလုပ်ငန်းဆောင်ရွက်မှုဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ဇော်မျိုး(မြဝတီ)

# လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၁၄၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပီလောပီနံစိုက်ခင်းကို တွေ့ရစဉ်။

**လပွတ္တာ ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၁၄၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၁၄၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံ ပီလောပီနံ ၁၁၄၅ ဧကကို ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က လျာထားချက်ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့နဲ့မိုးသီးနှံတွေ အားလုံးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့ သီးနှံတွေကို ပိုးမွှားမကျရောက်စေဖို့ ဝန်ထမ်းတွေက ကြိုတင်ကွင်းဆင်း နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေကလဲ စိုက်ဖူးတဲ့ အတွေ့အကြုံတွေရှိပါတယ်။ ဒေသခံတွေ စီးပွားရေးအခွင့်အလမ်းတွေ ကောင်းလာစေဖို့နဲ့ ဒေသစိုက်ပျိုးထုတ်ကုန်တစ်ခု တိုးလာစေဖို့အတွက် ပီလောပီနံသီးနှံတွေကို စိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ပီလောပီနံကို ဒေသခံတောင်သူ စုစုပေါင်း ၁၁၉ ဦးက အများဆုံးစိုက်ပျိုးကြပြီး အဆိုပါဒေသတွင် စိုက်ပျိုးသည့် ပီလောပီနံပင်အမျိုးအစားသည် စတင်စိုက်ပျိုးသည့်ချိန်မှ သုံးလသို့မဟုတ် လေးလခန့်အကြာတွင် တူးဖော်ရောင်းချနိုင်ကြောင်း၊ အဆိုပါထွက်ရှိလာသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း၊ ယခင်နှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်ပီလောပီနံမှာတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ထိ ဈေးကောင်းရရှိခဲ့သဖြင့် ဒေသခံတောင်သူများ တွက်ခြေကိုက်အဆင်ပြေခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ငဖဲမြို့နယ် လှိုင်တောကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**ငဖဲ ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှိုင်တောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များ၊ အကျုံးဝင်သော စီမံကိန်းလုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏အများသဘောဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ခဲ့ကြသည်။

ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လှိုင်တောကျေးရွာ၌ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အိမိုးမိုး**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
(၅-၇-၂၀၂၃)

# ဗြိတိန်ကျွန်းစုနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး နေရာတချို့၌ ရေကြီးရေလျှံမှုဖြစ်ပွား




**လန်ဒန် ဇူလိုင် ၁၀**

ဗြိတိန်ကျွန်းစုနိုင်ငံတွင် နေရာအနှံ့အပြားမိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားနေပြီး နေရာတချို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ဗြိတိန်ဇဟိုမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Belfast Telegraph သတင်းဌာနက ဇူလိုင် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဗြိတိန်ကျွန်းစု နိုင်ငံဖြစ်သည့် အင်္ဂလန်နိုင်ငံ၊ စကော့တလန်နိုင်ငံ၊ မြောက်အိုင်ယာလန် နိုင်ငံတို့တွင် ဇူလိုင် ၈ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး လမ်းမကြီးတချို့ရေလွှမ်းကာ မော်တော်ကားတချို့လမ်းမကြီးများထက်တွင် ပိတ်မိသည့်ဖြစ်စဉ်များဖြစ်ပွားခဲ့ကြောင်း၊ လမ်းမကြီးရေလွှမ်းမှုကြောင့် လီဗာပူးမြို့တွင်လည်း မော်တော်ယာဉ်တချို့ပိတ်မိခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ပိတ်မိနေသူများကို သွားရောက်ကယ်ထုတ်ပေးခဲ့ရကြောင်း လီဗာပူးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဗြိတိန်နိုင်ငံတွင် ပြီးခဲ့သောရက်သတ္တပတ်က မိုးလေဝသကြိုတင်ခန့်မှန်းချက်ထုတ်ပြန်ချက်အရ ယခုတစ်ပတ်အတွင်း အပူချိန်မြင့်တက်ဖွယ်ရှိနေကြောင်း ထုတ်ပြန်ခဲ့သော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် မိုးသည်းထန်စွာရွာသွန်းမှုဖြင့် ရင်ဆိုင်နေရကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်နေသည့် နိုင်ငံများအနက် စကော့တလန်နိုင်ငံတွင် မိုးရွာသွန်းမှုမှာ အချိန်ကာလကြာမြင့်သွားဖွယ်ရှိနေသလို ရေကြီးရေလျှံမှုမှာလည်း ပိုမိုဆိုးရွားလာနိုင်သည့်အခြေအနေဖြစ်ကြောင်း၊ သို့သော်စကော့တလန်နိုင်ငံမြောက်ဘက်ပိုင်းတွင် ပူပြင်းခြောက်သွေ့သည့်ရာသီဥတုဖြစ်ပေါ်နေပြီး အပူချိန်မှာ ၁၇ ဒီဂရီစင်တီဂရိတ်မှ ၁၉ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း သိရသည်။

စကော့တလန် အရှေ့မြောက်ဘက်ပိုင်း၊ အင်္ဂလန်နိုင်ငံအရှေ့ဘက်ပိုင်းတို့တွင် အပူချိန်မှာ ၁၄ ဒီဂရီစင်တီဂရိတ်မှ ၁၅ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိနေကြောင်း ဗြိတိန်ဇဟိုမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

# ဖလော်ရီဒါပြည်နယ်တွင် သန္တာကျောက်တန်းများကာကွယ်ခြင်းဆိုင်ရာ အသိပညာမြှင့်တင်နိုင်ရန် ရေအောက်ရှိုးပွဲပြုလုပ်

**ဝါရှင်တန် ဇူလိုင် ၁၀**

အမေရိကန် ဖလော်ရီဒါပြည်နယ်မှရေငုပ်သမားများသည် သန္တာကျောက်တန်းများ ကာကွယ်ခြင်းဆိုင်ရာအသိပညာများမြှင့်တင်ပေးနိုင်ရန်အတွက် ဖလော်ရီဒါ အမျိုးသား ရေအောက်သဘာဝဘေးမဲ့တောတွင် ရေအောက်ရှိုးပွဲတစ်ခုကို ဇူလိုင် ၈ ရက် က ကျင်းပပြုလုပ်ခဲ့ကြောင်း CNA News သတင်းဌာနက ဇူလိုင် ၉ ရက်တွင် ဖော်ပြထားသည်။

အဆိုပါ ရေအောက်ဘေးမဲ့တောသည် အတ္တလန်တိတ်သမုဒ္ဒရာနှင့် မက္ကဆီကိုပင်လယ်ကွေ့ကြားရှိ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၏တောင်ဘက်စွန်း မိုင် ၁၂၀ အကွာခန့်တွင်တည်ရှိသော အပူပိုင်းကျွန်းစုများဖြစ်ပြီး ငါးဖမ်းခြင်း၊ လှေစီးအပန်းဖြေခြင်း၊ အသက်ရှူပိုက်တပ်ဆင်၍ကစားရသော ရေအောက်ကစားနည်းများနှင့်အပျော်တမ်းရေငုပ်ခြင်း လုပ်ငန်းများဖြင့် ထင်ရှားသော ဒေသတစ်ခုဖြစ်ပြီး အဆိုပါဒေသရှိ သန္တာကျောက်တန်းများထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာများမြှင့်တင်ရန်အတွက် ရေအောက်ရှိုးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ရှိုးပွဲကိုစီစဉ်သူ ရေငုပ်သမားများက ပြောကြားခဲ့သည်။

၁၉၉၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့သော အဆိုပါဘေးမဲ့တောသည် ၁၂၅ မိုင် ရှည်လျားသောကျွန်းများနှင့် အပြိုင်သွယ်တန်းလျက်ရှိသော ရေအောက်သန္တာကျောက်တန်းများအပါအဝင် စတုရန်းမိုင် ၃၈၀၀ ရှိသော ရေပြင်ကို ဘေးမဲ့တောဒေသအဖြစ် သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Lower Keys Underwater Music Festival ဟု အမည်ပေးထားသော အဆိုပါရှိုးပွဲကို ရာနှင့်ချီသော ရေငုပ်သမားများက ရေလုံသောရေအောက်စပီကာများအသုံးပြု၍ ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ AZH



# ကယ်လီဖိုးနီးယားပြည်နယ်တွင် လာမည့်ရက်ပိုင်းအတွင်း အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေ

**ဝါရှင်တန် ဇူလိုင် ၁၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂိုကောင်တီတွင် လာမည့်ရက်ပိုင်းအတွင်း အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေကြောင်း အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု 10News သတင်းဌာနက ဇူလိုင် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူလှိုင်းဖြတ်သန်းလာပါက အပူချိန်လည်း မြင့်တက်လာဖွယ်ရှိနေပြီး အမြင့်ဆုံးအပူချိန်မှာ ၄၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားဖွယ်ရှိနေကြောင်း အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်းဖြတ်သန်းမှုဟာ ရက်သတ္တ နှစ်ပတ်လောက်ထိ ကြာမြင့်နိုင်ပါတယ်။ အပူလှိုင်းကြောင့် အပူချိန်တွေမြင့်တက်လာဖွယ်ရှိနေပါတယ်။ ကမ်းခြေတွေမှာတော့ အပူအအေးမျှတလိမ့်မယ်။ ဒါပေမဲ့လဲ ကုန်းတွင်းပိုင်းကိုလာလေ အပူချိန်ကများလေ ဖြစ်တဲ့အတွက် ရေဓာတ်ခန်းခြောက်မှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ အပူလှိုင်းဖြတ်သန်းစဉ် အဓိကသတိထားရမှာကတော့ တောမီးအန္တရာယ်ပဲ ဖြစ်ပါတယ်။ အပူချိန် မြင့်တက်မှုတွေကြောင့် တောမီးလောင်ကျွမ်းမှုတွေလဲဖြစ်ပေါ်လာနိုင်ပါတယ်"ဟု အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ မိုးလေဝသပညာရှင်တစ်ဦးဖြစ်သူ ဂျိမ်းစ်ဘရားသားတန်က ပြောကြားသွားခဲ့သည်။

အပူလှိုင်းသည် ဇူလိုင် ၁၁ ရက်တွင် စတင်ဖြတ်သန်းဖွယ်ရှိနေသလို အပူချိန်မြင့်တက်မှုမှာ အန္တရာယ်များသည့်အတွက် အပူလှိုင်းအန္တရာယ်သတိပေးချက်လည်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ထားကြောင်း သိရသည်။

အပူချိန် မြင့်တက်မှုကြောင့် တောမီး လောင်ကျွမ်းနိုင်သည့်အခြေအနေဖြစ်ပေါ်နေသလို ရေဓာတ်ခန်းခြောက်သည့် ပြဿနာများဖြင့်လည်း ရင်ဆိုင်ရနိုင်ကြောင်း အာဏာပိုင်အဖွဲ့အစည်းက ဆန်ဒီယေဂိုကောင်တီ ဒေသခံများကို သတိပေးချက်ထုတ်ပြန်ထားသည်။

အပူလှိုင်းဖြတ်သန်းမှုမှာ ရက်သတ္တနှစ်ပတ်ခန့်ထိ ကြာမြင့်သွားဖွယ်ရှိနေသည့်အတွက် တောမီးအန္တရာယ်ကို အထူးသတိပြုရန်လိုအပ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

# အမေဇုန်သစ်တောပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဘရာဇီးနှင့် ကိုလံဘီယာသမ္မတတို့ တွေ့ဆုံ

**ဘရာစီးလီးယား ဇူလိုင် ၁၀**

ဘရာဇီးနိုင်ငံ ဘယ်လမ်မြို့တွင် လာမည့်လအတွင်း ကျင်းပမည့် အမေဇုန်မိုးသစ်တောနှင့် ထိစပ်နေသောနိုင်ငံများ၏ မိုးသစ်တောကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးမတိုင်မီ ဘရာဇီးသမ္မတနှင့် ကိုလံဘီယာသမ္မတတို့သည် ဇူလိုင် ၈ ရက်က ကိုလံဘီယာနိုင်ငံ၌ တွေ့ဆုံခဲ့ပြီး အမေဇုန်မိုးသစ်တာကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆွေးနွေးခဲ့ကြကြောင်း ဘရာဇီးသမ္မတရုံး၏ ထုတ်ပြန်ချက်များကို ကိုးကား၍ Morning Star သတင်းဌာနက ဇူလိုင် ၉ ရက်တွင် ဖော်ပြထားသည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားနှင့် ကိုလံဘီယာသမ္မတ ဂူစတာဗိုပက်ထရိုတို့သည် မကြာသေးမီကာလမှစ၍ ကိုလံဘီယာ၊ ဘရာဇီးနှင့် ပီရူး သုံးနိုင်ငံကြား အမေဇုန်သစ်တောနှင့် ထိစပ်နေသောဒေသများတွင် အုပ်စုဖွဲ့ဂိုဏ်းများ၏ ရာဇဝတ်မှုများနှင့်သဘာဝသယံဇာတထုတ်ယူသုံးစွဲမှုဆိုင်ရာ မသမာမှုများ တိုးပွားလာခဲ့သဖြင့် အဆိုပါကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် ကိုလံဘီယာနိုင်ငံတွင် တွေ့ဆုံခဲ့ပြီး လာမည့်ဒေသဆိုင်ရာထိပ်သီးအစည်းအဝေးမတိုင်မီ မိုးသစ်တောကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်မြှင့်တင်ရန် အဆိုပါတွေ့ဆုံပွဲတွင် သဘောတူခဲ့ကြကြောင်း သိရသည်။

ဘရာဇီးနိုင်ငံတွင် လာမည့်လအတွင်း (Amazon Summit) အမေဇုန်မိုးသစ်တောနှင့်ထိစပ်နေသောနိုင်ငံများ၏ ထိပ်သီးညီလာခံကို ကျင်းပသွားမည်ဖြစ်ကာ ဘိုလီးဗီးယား၊ ဘရာဇီး၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ဂူယာနာ၊ ပီရူး၊ ဆူရီနမ်နှင့် ဗင်နီဇွဲလားနိုင်ငံတို့မှခေါင်းဆောင်များ တက်ရောက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက Amazon Summit တွင် သစ်တောကာကွယ်မှုလုပ်ငန်းများအတွက် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်နိုင်ရေးနှင့်လာမည့်နိုဝင်ဘာလတွင် ဒူဘိုင်း၌ ကျင်းပမည့် COP 28 ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတွင် တင်ပြနိုင်ရေး တွန်းအားပေးလျက်ရှိကြောင်း သိရသည်။

AZH

# အိန္ဒိယနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် ကျောင်းသားဦးရေ ၃၀ ကို ကယ်ထုတ်ပေးခဲ့ရ

**နယူးဒေလီ ဇူလိုင် ၁၀**

အိန္ဒိယနိုင်ငံ ဟာမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် စပီတီနယ်မြေမှ မာနာလီနယ်မြေသို့ လေ့လာရေးခရီးစဉ်သွားရောက်ခဲ့သော ကောလိပ်ကျောင်းသားဦးရေ ၃၀ ကို အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းက အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း ဟာမာချယ်ပရာဒေ့ရှ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု The States Man သတင်းဌာနက ဇူလိုင် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ပြိုကျကာ လမ်းမကြီးပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် လေ့လာရေးခရီးစဉ်ထွက်လာသည့် ကျောင်းသားများ ပိတ်မိခဲ့ခြင်းဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရသော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း ဟာမာချယ်ပရာဒေ့ရှ် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"စပီတီနယ်ကနေ မာနာလီနယ်မြေကို မော်တော်ယာဉ်နှစ်စီးနဲ့ လေ့လာရေးခရီး သွားရောက်ခဲ့တဲ့ ကောလိပ်ကျောင်းသား အယောက် ၃၀ ဟာ ရေကြီးရေလျှံမှုဖြစ်ပွားနေတဲ့ဧရိယာမှာ ပိတ်မိနေခဲ့ပါတယ်။ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့အစည်းထံကို ဖုန်းဆက်အကူအညီတောင်းခံလာတဲ့အတွက် အချိန်မီ သွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ တစ်ယောက်မှမရှိခဲ့ပါဘူး။ မိုးရေချိန်မြင့်မားတဲ့အတွက် တောင်ပြိုကျမှု၊ လမ်းပိတ်ဆို့မှုတွေလဲဖြစ်ပေါ်နေပါတယ်။ လမ်းပိတ်ဆို့မှုဖြစ်ပေါ်နေတဲ့နေရာတွေမှာ ရှင်းလင်းရေးလုပ်ငန်းတွေ စတင်လုပ်ဆောင်နေပါတယ်။ ရှင်းလင်းရေးလုပ်ငန်းတွေအားလုံး ပြီးစီးသွားရင်တော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဟာမာချယ်ပရာဒေ့ရှ်ပြည်နယ်အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုသည် ဂရမ်ပူနယ်မြေနှင့် ချိုတာဒါရာနယ်မြေတို့တွင်လည်း ဖြစ်ပေါ်နေပြီး လမ်းမကြီးတချို့ကို ယာယီပိတ်ထားရကြောင်း သိရသည်။

**နိုင်းဆက်**

# အမှန်ပြုပြင်

**သတင်းစာဆရာတစ်ဦး**

ကော်ဖီတစ်ခွက် စမ်းသောက်ကြည့်မိတယ်ဆိုပါစို့။ အား. . . ခါးလွန်းနေတယ်။ တကယ့်ကော်ဖီခါးခါးပဲ။ တချို့ကလည်း ကော်ဖီခါးခါးသောက်မှ အထက်တန်းစားဆန်တယ် ထင်ကြသေးတယ်။ တကယ်တော့ မြန်မာတွေက ရေနွေးကြမ်းနဲ့ လက်ဖက်ရည်အချိုကိုသာ ယခင်ကတော့ စွဲသောက်ခဲ့ကြတာ များခဲ့ပါရဲ့။

စားပွဲထိုးလေးကိုခေါ်ပြီး ပြန်ပြင်ဖို့ပြောလို့ရပါတယ်။ သကြားနဲ့ နို့ထပ်ထည့်ပေးပါ။ အဆင့်အတန်းရှိတဲ့ စားသောက်ဆိုင်တချို့မှာ ကော်ဖီ၊ လက်ဖက်ရည်သောက်သူအတွက် သကြားရယ်၊ နို့ခွက် သို့မဟုတ် နို့မှုန့်ထုပ်ရယ် စားပွဲပေါ်မှာ အဆင်သင့်ထားရှိပေးပြီးသားပါ။ တောသားဆန်တဲ့လူကတော့ ချိုချိုဆိမ့်ဆိမ့်ကြိုက်တယ်။ သကြားနဲ့နို့ စားပွဲထိုးလေးက အဖျော်ဆရာဆီသွားထည့်ပြီး ပြုပြင်လာခဲ့တယ်။ ရပါတယ်။

ခါးတဲ့ကော်ဖီဟာ ချိုလာပြီ။

ပြောင်းလဲလို့ရတယ်။

အခါးကို အချိုသို့ ပြင်လို့ရပါတယ်။

အချိုကိုလည်း အခါးအရသာ ပြောင်းလဲသွားအောင် စိတ်တိုင်းကျပြောင်းလဲလို့ရပါတယ်။ အချို့ဆိုင်တွေဆိုရင် ကော်ဖီနှပ်ကျပြီးသား ကော်ဖီအိုးပုပုလေး ချပေးထားတတ်ပါတယ်။ လောကမှာ မိမိစိတ်တိုင်းကျ ပြုပြင်ပြောင်းလဲလို့ရနိုင်တာတွေ အများကြီးပါပဲ။

အခါးမှ အချို၊ အချိုမှ အခါး ပြောင်းလဲလို့ရတယ်။ လူက လုပ်လို့ရပါတယ်။ ဘာမဆို လူက ပြောင်းလဲအောင် အကုန်လုပ်လို့ရသလား။

မရပါဘူး။

လူ့စိတ်၊ လူရဲ့အလိုဆန္ဒနဲ့ လုပ်လို့မရတာတွေ၊ နိယာမတွေ၊ ကန့်သတ်ချက်တွေ၊ ဓလေ့ထုံးစံတွေ၊ စည်းမျဉ်းစည်းကမ်းတွေ ရှိနေပါသေးတယ်။

ကိုယ်ဖန်တီးနိုင်တဲ့အရာ။

ကိုယ်ပြောင်းလဲနိုင်တဲ့အရာ။

ကိုယ်ရွေးချယ်နိုင်တဲ့အရာ။

လူက လုပ်လို့ရတဲ့အရာတွေ များစွာရှိနေသလို မထိရ၊ မကိုင်ရဆိုတာမျိုး၊ မိမိမပိုင်တဲ့၊ မဆိုင်တဲ့၊ ပြုပြင်ဖန်တီးလို့မရနိုင်တဲ့ သဘောသဘာဝတွေလည်း အများကြီးပါပဲ။

ဇရာဆိုတဲ့ အိုခြင်းသဘောကို မလိုချင်ပေမယ့်လည်း တဖြည်းဖြည်းနဲ့ တစ်နေ့ပြီးတစ်နေ့ ကိုယ့်ဆီရောက်လာတော့တာပဲ။ အသက် ၂၆ နှစ်အရွယ်လောက်ပဲရှိသေးတဲ့ တေးပြုဂီတစာဆို **"ဂီတနက်သန်ကိုဇောညီနိုး"**ဆိုတဲ့ အနုပညာပါရမီရှင်တစ်ဦး တစ်ခါက ရေးဖွဲ့တဲ့တေးထဲမှာ **"ဇရာကား ဝါးမျိုစဲ့ပြီကွယ်"** ဆိုတဲ့ တေးသီချင်းစာသားကို ကြားဖူးပါသလား။

**"သစ္စာ"**ဆိုတဲ့ သီချင်းထဲမှာ ထင်ပါရဲ့နော်။

စာဖတ်သူတို့၊ စာရေးသူတို့အားလုံးရဲ့ နုပျိုတဲ့အရွယ်တွေဟာ တရွေ့ရွေ့နဲ့ တစ်နေ့ပြီးတစ်နေ့ ဇရာတရားရဲ့ အဆက်မပြတ်ဝါးမျိုခြင်းကို ခံနေကြရတာဖြစ်ပါတယ်။ ဒါကို သိသလိုလိုနဲ့ အလေးအနက်တော့ တွေးမြင်စဉ်းစားသူ နည်းကြပါတယ်။

နာရခြင်း၊ အိုမင်းခြင်း၊ သေဆုံးခြင်း၊ မလိုချင်သောအရာတွေဟာ မိမိကမဖိတ်ခေါ်ဘဲ ကိုယ့်ဆီရောက်လာကြတာ တွေ့တွေ့ဆိုင်ဆိုင်တွေ့လာမှ နားလည်သိမြင်ကြရတယ်။

မိမိ မစိုးပိုင်တဲ့ အရာတွေ၊

မိမိ ပြုပြင်လို့ မရနိုင်တာတွေ၊

မိမိ စီရင်နိုင်စွမ်း မရှိတာတွေ ရှိနေကြတယ်ဆိုတာကို နားလည်လက်ခံတတ်ပါစေ။

ဗုဒ္ဓဘာသာတရားတော်ကို ပိုမိုလေးနက်စွာ သဘောပေါက်သူများအဖို့တော့ လက္ခဏာရေးသုံးပါးဖြစ်တဲ့ မမြဲခြင်း (အနိစ္စ)၊ ဆင်းရဲခြင်း(ဒုက္ခ)နဲ့ ငါမဟုတ်၊ ငါမပိုင်၊ ငါမရှိခြင်းသဘော (အနတ္တ)၊ "ဟ. . . ဘာလို့ ငါ မရှိရမှာလဲ။ ဒီမှာထိုင်နေတာ ငါပေါ့။ ငါရှိနေတယ်လေ"ဆိုသူကို တစ်ခုချင်း လက်ညှိုးလေးနဲ့ထောက်ပြီး ဒါကဘာလဲမေးရင် နှာခေါင်းလို့ဖြေရပါလိမ့်မယ်။ နားရွက်၊ ဆံပင်၊ နဖူး၊ ပါးစပ်၊ မေးစေ့ စသဖြင့် ခေါင်းကနေ ခြေဖျားအထိ (ခြေဆုံးခေါင်းဆုံး) တစ်ခုစီခွဲခြားမေးကြည့်လိုက်တဲ့အခါ ငါဆိုတာ ဘယ်မှာမှမရှိဘဲ အခေါ်အဝေါ် ပညတ်အနေနဲ့သာ အမည်တပ်ပြီး ဖွဲ့စည်းထားတာပါကလား။

ကားဆိုတာဟာ ဘီးတွေ၊ အင်ဂျင်တွေ၊ ထိုင်ခုံ၊ တံခါး၊ ဘော်ဒီ၊ ဖရိန် စတာတွေ တစ်ခုစီ၊ တစ်ပိုင်းစီ ဖွဲ့စည်းပြီး ခေါ်ဝေါ်ထားတာပါကလား။ ပညတ်သဘောက သတ်မှတ်ထားပေမယ့် စုပေါင်းထားတဲ့ အစိတ်အပိုင်းတွေသာပဲလေ။

ငါဆိုတာ (တကယ်မပိုင်တဲ့ အင်္ဂါခန္ဓာအရိုးစုမျှသာ) အရာနဲ့ကားဆိုတဲ့အရာတို့ဟာ မမြဲခြင်း၊ ဆင်းရဲခြင်း၊ မပိုင်ဆိုင်ခြင်းသဘောမှ မလွတ်ကင်းဘဲ ဖြစ်တည်မှုဟာ ရွေ့လျားပြောင်းလဲနေကြောင်း ပိုပြီး သတိထားမိလာလောက်ပြီ။

အခါးမှ အချိုသို့၊

မိမိလိုသလို ပြောင်းလို့ရပေမယ့်လည်း အမှားမှ အမှန်သို့၊ မသိခြင်းမှ သိခြင်းဆီသို့ လူတစ်ယောက် ပြောင်းလဲစေဖို့ အကြောင်းအကျိုးသဘောကတော့ နားရွက်ကို မမြင်ရတဲ့ မျက်စိလိုပါပဲ။ နီးလျက်နဲ့ ဝေးနေတတ်ပေတယ်။ မံသစက္ခု-ရုပ်မျက်လုံးနဲ့ကြည့်တာထက် ဉာဏစက္ခု-အသိဉာဏ်ဆင်ခြင်သုံးသပ်ခြင်း ပညာအမြင်ရှိမှ သိလာမယ်။

လူက လုပ်လို့ရတာတွေ အများကြီးရှိနေပေမယ့် အမှားကိုတော့ အမှန်လုပ်လို့မရဘူး။

အလားတူ အမှန်တရားကိုလည်း အမှားပါ ဇွတ်လုပ်လို့မရနိုင်ဘူး။ **ကမ္ဘာ့နိယာမသဘောတရား။**

အမှန်တရားဆိုတာ ရှိတယ်။

လွဲမှားခြင်းဆိုတာ ရှိတယ်။

တရားမျှတခြင်းဆိုတာ ရှိတယ်။

မတရားမမျှတခြင်းဆိုတာလည်း ရှိတယ်။

အကောင်းတရားဆိုတာ ရှိတယ်။

အဆိုးတရားဆိုတာလည်း ရှိနေတယ်။

မြင့်မြတ်ခြင်းတရားလည်း ရှိတယ်။

ယုတ်ညံ့ခြင်းတရားလည်း ရှိသေးတယ်။

မှားနေတဲ့အရာကို မှန်တယ်လို့ ထင်မှတ်ခဲ့မိတာဟာ ဘယ်လောက်ပဲ အချိန်ကာလကြာမြင့်ပါစေ အမှားဟာ အမှားသာဖြစ်နေမှာပဲ။ အမှန်တရားတော့ ဖြစ်မလာဘူး။

မှားခြင်း၊ မှန်ခြင်းက မပြောင်းလဲဘူး။

မိမိကသာလျှင် မှားနေတာကို မှားမှန်း မှားကြောင်း ကောင်းကောင်းသိတဲ့တစ်နေ့၊ ရဲရဲဝံ့ဝံ့ပြောင်းလဲရဲတဲ့ သတ္တိရှိဖို့လိုတယ်။

ကောင်းခြင်းတရားအတွက် သတ္တိလိုပါတယ်။

**❖ အခါးမှ အချိုသို့၊ မိမိလိုသလို ပြောင်းလို့ရပေမယ့်လည်း အမှားမှ အမှန်သို့၊ မသိခြင်းမှ သိခြင်းဆီသို့ လူတစ်ယောက်ပြောင်းလဲစေဖို့ အကြောင်းအကျိုးသဘောကတော့ နားရွက်ကိုမမြင်ရတဲ့ မျက်စိလိုပါပဲ။ နီးလျက်နဲ့ ဝေးနေတတ်ပေတယ်။ မံသစက္ခု-ရုပ်မျက်လုံးနဲ့ကြည့်တာထက် ဉာဏစက္ခု-အသိဉာဏ်ဆင်ခြင်သုံးသပ်ခြင်း ပညာအမြင်ရှိမှ သိလာမယ်။ လူကလုပ်လို့ရတာတွေ အများကြီးရှိနေပေမယ့် အမှားကိုတော့ အမှန်လုပ်လို့မရဘူး။ အလားတူ အမှန်တရားကိုလည်း အမှားပါ ဇွတ်လုပ်လို့မရနိုင်ဘူး။ ❖**

မှန်ကန်ခြင်းဟာလည်း သတ္တိလိုပါတယ်။

မှားတာကို ဝန်ခံရဲတဲ့သတ္တိရှိမှသာ အမှန်တရားဘက်တော်သားဘဝသို့ ကူးပြောင်းရောက်ရှိနိုင်ပါတယ်။ မှန်တာ၊ မှားတာကို ခုံသမာဓိတရားရုံးက ဆုံးဖြတ်မှ သိနိုင်တာမဟုတ်ဘူး။ ဘောလုံးပွဲ၊ လက်ဝှေ့ပွဲ ဒိုင်လူကြီးဆုံးဖြတ်မှ သိရမှာမဟုတ်ပါဘူး။

မိမိမှာ ကိုယ်စောင့်နတ်ရှိတယ်။

လူတိုင်းမှာ လိပ်ပြာသဘော မမြင်ရ၊ မတွေ့ရတဲ့ "မသိစိတ်" Unconscious Mind ရှိနေကြတယ်။ မမှန်တာ၊ မှားတာလုပ်ပြီး လိပ်ပြာမလုံတော့ အိပ်ကောင်းခြင်း မအိပ်နိုင်တာတွေ ကြုံရပေလိမ့်မယ်။ ကိုယ်စောင့်နတ်က နှိုးနေတတ်တယ်။ နင်လုပ်တာ မှားနေတယ်။ မင်းဟာ မှားတာတွေကို လုပ်ခဲ့မိတယ်နော်။

လောကရဲ့ သဘာဝက ဆန်းကြယ်တယ်။

မှားယွင်းတာ၊ မရိုးသားတာ၊ မသမာတာ၊ လူသိမခံဝံ့တာတွေ၊ ကိုယ်တိုင်အရှက်မရှိ၊ အကြောက်အလန့်မရှိ ကျူးလွန်ထားမိတဲ့ မှားယွင်းမိုက်မဲမှုတွေဟာ စိတ်မန်မိုရီထဲမှာက ဖျောက်ဖျက်လို့မရဘူး။ သူ့အလိုအလျောက် အဲဒီအကုသိုလ်ဒုစရိုက်တွေကို မှတ်တမ်းသွင်းထည့်မိပြီးသားဖြစ်နေပြီ။ အပြစ်မကင်းခံစားရစိတ် (Guilty Conscience) ကိုယ့်မှာ မသိမသာရှိနေတာ တစ်ခါတစ်ရံ ထိတ်လန့်အံ့ဩစွာ သိလာရမယ်။ ဖခင်ဗိမ္ဗိသာရဘုရင်ကို ခြေဖဝါးဓားခွဲ၊ ဆားသိပ်၊ မသေမချင်းအစာငတ်ရေငတ်ထားပြီး သေအောင်သတ်ဖြတ်ခဲ့တဲ့ မင်းဖျားလုလင် ဘုရင်အဇာတသတ် ညစဉ်ညတိုင်း အိပ်မက်ဆိုးတွေ အဆက်မပြတ်မြင်မက်ကာ ဓားတွေ၊ လှံတွေ အရောင်တလက်လက် ပြောင်လင်းစူးရှစွာ မျက်စိရှေ့ကို ထိုးဖောက်တော့မလို မြင်နေရတာ။ ကျေးဇူးရှင်ဖခင်ကို ရက်စက်ယုတ်မာစွာ သုတ်သင်ခဲ့ခြင်း ပီတုဃါရကကံကြောင့် အာရုံမှားသိခြင်း၊ လှုံ့ဆော်မှုအာရုံများ မြင်ရကြားရခြင်း (Illusion, Hallucination) စိတ်ချောက်ချားလို့ ထင်မြင်တဲ့ နိမိတ်ပုံတွေက ခြောက်လှန့်နှိပ်စက်ခြင်းတွေ ဒီဘဝမှာတင် ခံစားနေရတယ်။

အပြစ်မဲ့သာမန်ပြည်သူတွေကို လက်နက်ကိုင်သူပုန်ထသူတွေက သေနတ်နဲ့ ပစ်သတ်ကြတယ်။ ဓားနဲ့ ဇက်ပိုးကိုခုတ်၊ လက်ကိုဖြတ်၊ ခြေကိုဖြတ်၊ အရှင်လတ်လတ် သွေးသံရဲရဲ နှိပ်စက်အနိုင်ကျင့်မှုတွေ ပြုလုပ်နေကြသူများ။ ဒီလိုပြုမူနှိပ်စက်အောင် လက်နက်ပေး၊ ကျည်ဆန်ပေးပြီး ညွှန်ကြားထောက်ပံ့အားပေးနေကြသူတွေ။

ကိုယ်ပြုတဲ့ကံ ပဲ့တင်သံလို ကိုယ့်ထံပြန်လာတယ်ဆိုတဲ့ စကားလိုပဲ။ ဗုံးကွဲလို့ ပိုးလိုးပက်လက်သေ။ မိုင်းကွဲလို့ ခန္ဓာကိုယ်တစ်ပိုင်းစီပြတ်တောက်ကာ ပိုးလိုးပက်လက်သေ၊ ကားကောဆိုင်ကယ်ပါ တစ်စစီ မီးလောင်လွင့်ပျံပျောက်ပျက်။ **ကမ္ဘာ့နိယာမသဘောပေပဲ။**

အမှုခွဲပြီး တရားရုံးခေါ်ဆောင်သွားကာ တရားစီရင်ပေးဖို့မလို။ ဘယ်သူမပြု မိမိမှု၊ ကိုယ့်အတတ်နဲ့ကိုယ် စူးပြီး သေနေကြလေရဲ့။

တောထဲတောင်ထဲမှာ လှုပ်ရှားရင်းပဲ မြွေပွေး၊ မြွေဟောက်ကိုက်လို့ သေကြရတာလည်းများခဲ့တယ်။ မြွေဆိပ်ဖြေဆေးရှိတဲ့မြို့ကို ခေါ်ဆောင်သွားလို့မရတော့ သင်္ချိုင်းမဟုတ်တဲ့ တောထဲမှာပဲ သင်္ဂြိုဟ်လိုက်ခဲ့ရသတဲ့။

အမှားအဆိုးလုပ်ရပ်ဟာ ကောင်းကျိုးရလဒ်မပေါ်ထွက်ပါ။ အမှားလုပ်ရင် အမှားရဲ့အကျိုးဆက်သာ မလွဲမသွေရမှာပါ။ အဲဒါက ပြုပြင်လို့မရဘူး။

အမှားတွေလုပ်နေပြီး အမှန်အဖြေမရနိုင်။

တောရိပ်တောင်ရိပ်မှာ တောခိုရတဲ့ဘဝမှာ အစားအစာရှားပါးပြတ်လပ် ငတ်မွတ်လာတာကြုံရပြီ။

သူတစ်ပါးမကောင်းကြံ ကိုယ်ဘေးဒုက္ခထိ။

သူ့ကိုကိုယ်ဖျက် ကိုယ်ပင်ပျက်။

ငှက်ဖျားရောဂါရသူတွေလည်း များလာပြီ။ ခြင်ကနေကူးစက်တာလည်း မသိဘူး။ စမ်းချောင်းက ရေသောက်လို့ဆိုပဲ။ ငှက်ဖျားကာကွယ်ဆေးသောက်ပြီး ကာကွယ်ရမှန်းလည်းမသိ။ အဖျားရောဂါကုသပေးဖို့ ဆေးဝါးမရှိ၊ ဆရာဝန်မရှိ၊ ခလုတ်ထိမှ အမိတနေရပြီ။ အမေနဲ့ရွာကို လွမ်းပြီ။

သူပြုတဲ့မကောင်းမှုကံ၊ ကောင်းမှုကံတွေကသာ အဲဒီလူကို စီမံဖန်တီးပေးတာလေ။ ဘယ်သူမှ ဝင်ကယ်ချင်လို့မရ။ သတ်ဖြတ်နှိပ်စက်၊ ရက်စက်ကြမ်းကြုတ်မှုတွေ ကျူးလွန်ခဲ့သမျှ သူပြုခဲ့တဲ့ မကောင်းမှုကံတွေက သူ့ကို ဖိစီးအကျိုးပေးနေတာပဲလေ။

သဗ္ဗေ သတ္တာ ကမ္မသကာတဲ့။

သတ္တဝါအပေါင်းတို့သည် မိမိပြုသည့် ကောင်းမှုကံ၊ မကောင်းမှုကံအရ အကျိုးဆက် ကောင်းကျိုး၊ ဆိုးကျိုးတို့ကို ခံရစမြဲပါပဲတဲ့။

# မြန်အောင်မြို့နယ် အင်းဝတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြန်အောင် ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း(မွမ်းမံ)ရန်ပုံငွေဖြင့် အင်းဝတောင်ကျေးရွာ၌ အိမ်သွယ်ရေတိုင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၉ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ အင်းဝတောင်ကျေးရွာ၌ အိမ်သွယ်ရေတိုင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

မြန်အောင်မြို့နယ် အင်းဝတောင်ကျေးရွာ၌ အိမ်သွယ်ရေတိုင်စနစ်ဖြင့် ရေပိုက်လိုင်း ပေ ၅၀၀၀ သွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း(မွမ်းမံ) ရန်ပုံငွေကျပ် ၁၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် အင်းဝတောင်ကျေးရွာရှိ အိမ်ခြေ ၁၂၇ အိမ်၊ လူ ၅၈၃ ဦးတို့အတွက် သောက်သုံးရေဖူလုံစွာရရှိပြီဖြစ်ကြောင်း မြန်အောင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်က ပြောပြ၍ သိရသည်။

**သံသာ**

# စီးပွားရေးဆိုင်ရာဆက်ဆံမှု ပိုမိုနက်ရှိုင်းလာသော တရုတ်-ဆော်ဒီအာရေဗျ



တရုတ်နှင့်ဆော်ဒီအာရေဗျတို့ကြား စီးပွားရေးဆိုင်ရာဆက်ဆံမှုသည် ယခုနှစ် ဇွန်လတွင် ပြုလုပ်ခဲ့သော အခမ်းအနားနှစ်ခုမှစ၍ အလျင်အမြန်တိုးတက်လာလျက်ရှိသည်။ ပထမအခမ်းအနားသည် ရီယက်ချ်တွင်ပြုလုပ်သော တရုတ်-ဆော်ဒီအာရေဗျစီးပွားရေးညီလာခံဖြစ်သည်။ အဆိုပါညီလာခံကာလအတွင်း အနည်းဆုံးအမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိသော သဘောတူညီချက် ၃၀ ကျော် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဒုတိယအခမ်းအနားသည် လွန်ခဲ့သောသီတင်းပတ်က တရုတ်နိုင်ငံ တီအန်ဂျင်းမြို့တွင်ပြုလုပ်ခဲ့သည့် Summer Davos ဟုခေါ်ဆိုသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်ပင်ဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံသည် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်စေခြင်းအားဖြင့် အဆိုပါဖိုရမ်ကို အလေးထားကြောင်း ဖော်ပြလျက်ရှိသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အဆိုပါညီလာခံသို့ စီးပွားရေးနှင့်စီမံကိန်းဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီးအပါအဝင် အရာရှိ ၂၄ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့သည်။ ၎င်းညီလာခံတွင် ထူးခြားသောသဘောတူညီချက်များကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သော်လည်း နှစ်နိုင်ငံစလုံးအနေဖြင့် ၎င်းညီလာခံမှတစ်ဆင့် နက်ရှိုင်းသောစီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်သွားရန် ရည်ရွယ်ထားရှိသည်။

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း တရုတ်နှင့်ဆော်ဒီအာရေဗျတို့ကြား စီးပွားရေးဆိုင်ရာဆက်ဆံမှုသည် ဆော်ဒီ၏ရေနံပို့ကုန်အပေါ် အဓိကအလေးထားခဲ့သည်။ သို့သော် မကြာသေးမီနှစ်များအတွင်း စီးပွားရေးဆိုင်ရာဆက်ဆံရေးသည် နယ်ပယ်ပေါင်းစုံတွင် အလျင်အမြန်တိုးတက်လာခဲ့သောကြောင့် နှစ်နိုင်ငံစလုံးအနေဖြင့် စီးပွားရေးဆိုင်ရာဆက်ဆံရေးကို စွမ်းအင်အရင်းအမြစ်များအပေါ် အလေးထားနေမှုမှသည် အခြားသောနယ်ပယ်များတွင်လည်း အဆင့်မြှင့်တင်သွားရန် ဆန္ဒရှိနေကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် ဆော်ဒီအာရေဗျအပြင် ဒေသတွင်းရှိ အခြားသောနိုင်ငံများနှင့် စီးပွားရေးနှင့်နိုင်ငံရေးအပြင် နယ်ပယ်ပေါင်းစုံတွင်လည်း ထိတွေ့ဆက်ဆံသွားရန် ပြောင်းလဲကျင့်သုံးလာလျက်ရှိသည်။

**မပြောင်းလဲသော ကတိကဝတ်**

တရုတ်နိုင်ငံ၏ ကုန်စည်အမြောက်အမြားဝယ်ယူမှုသည် ဒေသတွင်းရှိ အင်အားကြီးနိုင်ငံများတွင် တရုတ်၏ထိတွေ့ဆက်ဆံမှုနှင့် ဒေသတွင်းရပ်တည်မှုကို ခိုင်မာသေချာစေလျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် အမေရိကန်၏ပါဝင်ဆောင်ရွက်မှုလျော့ကျလာစေပြီး အရှေ့အလယ်ပိုင်းဒေသတွင် ၎င်း၏လွှမ်းမိုးမှုဆက်လက်ထိန်းသိမ်းရန် အမေရိကန်၏ကြိုးပမ်းမှုအပေါ် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။

တရုတ်နှင့် ဆော်ဒီအာရေဗျကြား စီးပွားရေးဆိုင်ရာချစ်ကြည်ရင်းနှီးမှုသည် ခိုင်မာအားကောင်းနေပြီဖြစ်သည်။ ဆော်ဒီအာရေဗျသည် တရုတ်နိုင်ငံသို့ ရေနံစိမ်းအများဆုံးတင်ပို့နေသည်မှာ ကာလအတန်ကြာနေပြီဖြစ်သည်။ ဆော်ဒီသည် လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုကျော်ကတည်းက အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်၏အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ အလားတူ တရုတ်နိုင်ငံအနေဖြင့်လည်း ၂၀၁၃ ခုနှစ်ကတည်းက ဆော်ဒီအာရေဗျ၏ အကြီးမားဆုံးကုန်သွယ်ဖက်အဖြစ် ရပ်တည်လာခဲ့သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ဆော်ဒီအာရေဗျသို့ လာရောက်လည်ပတ်ခဲ့သည့် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ခရီးစဉ်ကာလကတည်းက နှစ်နိုင်ငံဆက်ဆံရေးသမိုင်းမှတ်တိုင်သည် ပိုမိုနက်ရှိုင်းစွာ ပြောင်းလဲလာလျက်ရှိသည်။ နှစ်နိုင်ငံအစိုးရများသည် စွမ်းအင်၊ မော်တော်ကား၊ ထောက်ပံ့ရေးကွင်းဆက်၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ သတ္တု၊ ဘဏ္ဍာရေးကဏ္ဍများအပါအဝင် အနာဂတ်တွင် ပိုမိုကျယ်ပြန့်သော နယ်ပယ်များ၌ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

တရုတ်နှင့် ဆော်ဒီအာရေဗျတို့သည် တရုတ်နိုင်ငံ၏ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI) နှင့် ဆော်ဒီအာရေဗျ၏ ၂၀၃၀ ပြည့်နှစ်မျှော်မှန်းချက်ပြုပြင်ပြောင်းလဲမှုအစီအစဉ်တို့ကြား တူညီသောလုပ်ငန်းများရှာဖွေသွားရန် ကြိုးပမ်းလျက်ရှိသောကြောင့် ဆိုလာ၊ လေနှင့် ရေအားလျှပ်စစ်အပါအဝင် စွမ်းအင်အသစ်များ၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ 5G တယ်လီကွန်ရက်တို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ပြီးခဲ့သည့်ဇွန်လက ပြုလုပ်ခဲ့သော တရုတ်-အာရပ်စီးပွားရေးကွန်ဖရင့်ကာလအတွင်း အဆိုပါနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို ထပ်မံပြသခဲ့သည်။ ဆော်ဒီရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနနှင့် တရုတ် ကားလုပ်ငန်း Human Horizon တို့ကြား အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ လက်မှတ်ရေးထိုးခဲ့ခြင်းသည် လျှပ်စစ်ကားများ သုတေသနပြုတိုးတက်ထုတ်လုပ်ရေးအပေါ် အလေးထားဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ထို့ပြင် ဆော်ဒီ ASK Group နှင့် တရုတ်အမျိုးသားဘူမိနှင့် သတ္တုဗေဒကော်ပိုရေးရှင်းတို့ကြား ချုပ်ဆိုခဲ့သော အမေရိကန်ဒေါ်လာသန်း ၅၀၀ သည် တရုတ်ကုမ္ပဏီများကို ဆော်ဒီအာရေဗျနိုင်ငံတွင် ကြေးနီသတ္တုတွင်းများ တူးဖော်လုပ်ကိုင်ခွင့်ရရှိစေမည်ဖြစ်သည်။

အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြားနယ်ပယ်တစ်ခုမှာ ခရီးသွားလုပ်ငန်းဖြစ်ပြီး ၎င်းလုပ်ငန်းကို ဆော်ဒီအာရေဗျ၏ စွမ်းအင်အသစ်အဖြစ် ရည်ညွှန်းပြောဆိုလျက်ရှိသည်။ ခရီးသွားများအပေါ် ကန့်သတ်ချက်များ ဖြေလျှော့ပေးထားသောကြောင့် ဆော်ဒီအာရေဗျသည် ခရီးသွားလုပ်ငန်းကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကနယ်ပယ်အဖြစ်ရှုမြင်ထားပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော် ရင်းနှီးမြှုပ်နှံသွားရန်လည်း အခိုင်အမာဆုံးဖြတ်ထားပြီးဖြစ်သည်။ တရုတ်-အာရပ်စီးပွားရေးကွန်ဖရင့်ကာလအတွင်း ဆော်ဒီအာရေဗျနှင့် ခရီးသွားလုပ်ငန်းအေဂျင်စီကြား စာချုပ် ၂၆ ခုကို လက်မှတ်ရေးထိုးခဲ့သည်။

**ကျယ်ပြန့်သောစီးပွားရေးအကျိုးအမြတ်များ**

စီးပွားရေးဆိုင်ရာသဘောတူညီချက်များ ကျယ်ပြန့်လာခြင်းသည် အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ဆက်ဆံရေးပြောင်းလဲလာမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ယခင်က ဒေသတွင်းမှ စွမ်းအင်အရင်းအမြစ်ဝယ်ယူလိုသော တရုတ်နိုင်ငံသည် မဟာဗျူဟာမြောက်ရင်းနှီးမြှုပ်နှံမှုမလိုဘဲ ကုန်သွယ်မှုလုပ်ဆောင်သွားနိုင်သည်။ ဆက်ဆံရေးပြောင်းလဲလာမှုသဘောသဘာဝသည် တရုတ်နိုင်ငံအနေဖြင့် ဒေသတွင်းရှိ ပြိုင်ဘက်အုပ်စုများ၊ ဆန့်ကျင်ဘက်အုပ်စုများနှင့် ကောင်းမွန်သောဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ထိုသို့ချဉ်းကပ်ခြင်းသည် တရုတ်ကို လိုက်လျောညီထွေဆောင်ရွက်စေနိုင်မည်ဖြစ်သော်လည်း မဟာဗျူဟာမြောက်ထိတွေ့ဆက်ဆံမှုနှင့် ရေရှည်မျှော်မှန်းချက်မရှိသောကြောင့် ပြစ်တင်ဝေဖန်မှုများရှိနေသည်။

သို့သော် လွန်ခဲ့သောဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံ၏မဟာဗျူဟာသည် ပိုမိုသတိထားလာပြီး ရည်ရွယ်ချက်ရှိရှိဆောင်ရွက်လာခဲ့သည်။ ဆော်ဒီအာရေဗျနှင့် စီးပွားရေးဆိုင်ရာဆက်ဆံမှုများ ပိုမိုဆောင်ရွက်လာခြင်းသည် မဟာဗျူဟာများအနက်မှ တစ်ခုပင်ဖြစ်သည်။ တရုတ်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ၏ ရေနံစိမ်းဝယ်ယူသူ အဓိကဖောက်သည်

❖ တရုတ်၏ကုန်ပစ္စည်းအမြောက်အမြားဝယ်ယူမှု၊ တစိုက်မတ်မတ်ရင်းနှီးမြှုပ်နှံမှုနှင့် အပြန်အလှန်ဆက်ဆံရေးများသည် ဒေသတွင်းလွှမ်းမိုးမှုအတွက် အမေရိကန်နှင့်ယှဉ်ပြိုင်ရာတွင် ထိရောက်သောလက်သုံးကိရိယာများပင်ဖြစ်သည်။ အမေရိကန်အတွက် စိန်ခေါ်မှုသည် အံ့သြထိတ်လန့်ဖွယ်ရာပင်ဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသနှင့် ဆက်ဆံရေးနက်ရှိုင်းလာစေသည့် တရုတ်၏မဟာဗျူဟာသည် ယူကရိန်း၊ အင်ဒို- ပစိဖိတ်ဒေသနှင့် တရုတ်နိုင်ငံအပါအဝင် ပထဝီနိုင်ငံရေးဆိုင်ရာဦးစားပေးလုပ်ငန်းများကြားတွင် အမေရိကန်နိုင်ငံကို အခက်အခဲ အကျပ်အတည်းများ ပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။ ❖

အဆင့်အတန်းတွင် ကျေနပ်မနေတော့ပေ။ အမှန်တော့ တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၏ အလားအလာကို တရုတ်ကုန်ပစ္စည်းများ၊ လုပ်အားနှင့် နည်းပညာများအတွက် ဈေးကွက်အဖြစ် ဖန်တီးသွားလိုပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသတွင်းနိုင်ငံများ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်အဖြစ် ရပ်တည်သွားလိုသော ဆန္ဒရှိနေသည်။

တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ဆက်ဆံရေးကို ရိုးရှင်းသောကူးပြောင်းမှုဆောင်ရွက်သည်ထက် ပြည်တွင်းစီမံခန့်ခွဲမှုနှင့် ချိတ်ဆက်ထားသော စီးပွားရေးအနာဂတ်တို့အပေါ် အမြင်သဘောထားများမျှဝေနိုင်မည့် ဒေသတွင်းမဟာဗျူဟာ တိုးတက်လာအောင် ဖော်ဆောင်လျက်ရှိသည်။ ထိုသို့ အခိုင်အမာဆုံးဖြတ်ထားခြင်းသည် ဒေသတွင်း၌ တရုတ်နိုင်ငံ၏ ယုံကြည်အားထားရမှုအဆင့်အတန်းကို စီးပွားရေးမိတ်ဖက်နှင့် သံခင်းတမန်ခင်းဆိုင်ရာ ပလေယာအဖြစ် မြင့်တက်လာစေလျက်ရှိသည်။ အခြားတစ်ဖက်တွင်လည်း ဒေသတွင်း၌ အမေရိကန်၏ တာဝန်ယူမှုတာဝန်ခံမှုနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ အလေးထားမှုတို့အပေါ် မေးခွန်းများထွက်ပေါ်လာလျက်ရှိသည်။

တရုတ်၏ ကုန်ပစ္စည်းအမြောက်အမြားဝယ်ယူမှု၊ တစိုက်မတ်မတ်ရင်းနှီးမြှုပ်နှံမှုနှင့် အပြန်အလှန်ဆက်ဆံရေးများသည် ဒေသတွင်းလွှမ်းမိုးမှုအတွက် အမေရိကန်နှင့်ယှဉ်ပြိုင်ရာတွင် ထိရောက်သောလက်သုံးကိရိယာများပင်ဖြစ်သည်။ အမေရိကန်အတွက် စိန်ခေါ်မှုသည် အံ့သြထိတ်လန့်ဖွယ်ရာပင်ဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသနှင့် ဆက်ဆံရေးနက်ရှိုင်းလာစေသည့် တရုတ်၏မဟာဗျူဟာသည် ယူကရိန်း၊ အင်ဒို- ပစိဖိတ်ဒေသနှင့် တရုတ်နိုင်ငံအပါအဝင် ပထဝီနိုင်ငံရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများကြားတွင် အမေရိကန်နိုင်ငံကို အခက်အခဲအကျပ်အတည်းများ ပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။

တရုတ်အနေဖြင့် ၎င်း၏စွမ်းဆောင်ရည်များ အောင်မြင်မှုအလုံးအစုံရရှိရန်မလိုအပ်ဘဲ ဒေသတွင်းရှိခေါင်းဆောင်များ၏နှလုံးသားတွင် အမေရိကန်ထက်ပိုမိုသာလွန်ကြောင်း လုပ်ဆောင်ပြသရုံလောက်သာလိုအပ်သည်။ တရုတ်နိုင်ငံ၏မဟာဗျူဟာမြောက်ထိတွေ့ဆက်ဆံမှုသည် အရှေ့အလယ်ပိုင်းနိုင်ငံများကို အမေရိကန်နှင့် အာဏာယှဉ်ပြိုင်နိုင်ရေးအတွက် လှုပ်ရှားဆောင်ရွက်နိုင်မှုအခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်သည်။ အစားထိုးရွေးချယ်စရာအခွင့်အလမ်းရှိလာခြင်းသည် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများအနေဖြင့် အမေရိကန်၏မူဝါဒများနှင့် ညွှန်ပြချက်များအတိုင်း လိုက်နာဆောင်ရွက်တော့မည်မဟုတ်ကြောင်း အမေရိကန်အတွက် ကြီးမားသောတပ်လှန့်သတိပေးချက်ပင်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် တရုတ်နှင့် ဆော်ဒီအာရေဗျတို့၏ နက်ရှိုင်းသော စီးပွားရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုမှာလည်း အနာဂတ်တွင် ပိုမိုတိုးတက်လာဖွယ်ရာရှိပေသည်။

**ကိုးကား**

- Sino - Saudi Economic Engagement Deepens by Asia Times.

**ဝင်းဇင်(သုတေသန)**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၁၃၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအာစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး....




# ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၁၀၁၈၀
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

## ID Company မှ ဝန်ထမ်းအလိုရှိသည်

(1) Computer စာရင်းကိုင်(မ) - 2 ဦး
(Computer ကျွမ်းကျင်)
(2) အရောင်းစာရေး(မ) - 20 ဦး
(3) Marketing Supervisor (ကျား/မ) - 5 ဦး
(4) Marketing (ကျား/မ) - 15 ဦး
(5) Digital Marketing Supervisor (ကျား/မ) - 3 ဦး
(6) Sale & Drive (ကျား) - 8 ဦး
(7) Driver (ကျား) - 3 ဦး

CV Form နှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။
(လုပ်ငန်းအတွေ့အကြုံရှိမှသာ)
Mandalay- 76လမ်း၊ 30×31 ကြား (ID) 09-798994888
(9:00 am - 5:00 pm)

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်နေ စံထွေးအောင်(ဘ)ဦးလေးကျော်ဆန်း(၉/မဟာမ(နိုင်)၀၀၁၂၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-702432)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၅၁၂၈၈၆၁

## ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နယ်နေ နန့်ဟိမ္မာ(ဘ) ဦးသောင်းရွှေ (၁၄/ပတန(နိုင်)၂၃၀၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-574879)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၈၅၇၇၉၅၆

## ပျောက်ဆုံးကြောင်း

တောင်ငူမြို့နေ မောင်စိုးသန်း(ဘ)ဦးမြင့် (၇/တငန(နိုင်)၁၉၈၄၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-715664) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၆၂၆၂၅၈၆၉

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်နေ မဆုလှဲ့ဝင်း (၉/ခမစ(နိုင်)၁၀၆၁၁၉) ၏ဖခင်သည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ ဦးကျော်သက် နှင့် အိမ်ထောင်စုလူဦးရေစာရင်းပါ ဦးကျော်တက် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်တက် (ခ) ဦးကျော်သက်**
(၁၃/ကခန(နိုင်)၀၂၇၈၁၂)

## ပျောက်ဆုံးကြောင်း

ကန့်ဘလူမြို့နယ်နေ မောင်မျိုးမင်းဟိန်း(ဘ) ဦးသန့်ဇင်ဝင်း (၅/ကနန(နိုင်)၁၂၈၈၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-338832)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၄၂၇၇၄၈၆၀

## ပျောက်ဆုံးကြောင်း

သာပေါင်းမြို့နေ ဝါဝါနိုး (ဘ) ဦးတင်စိုး (၁၄/သပန(နိုင်)၁၀၈၃၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၄၀၉၅၁၁၂၇

## ပျောက်ဆုံးကြောင်း

ချောင်းဦးမြို့နေ မောင်ရွှေမျိုးဦး(ဘ) ဦးမြင့်ဆွေ (၅/ခဥတ(နိုင်)၁၈၆၃၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-2025061)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၈၁၈၀၀၉၁

## ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ နိုင်လင်းထွန်း(ဘ) ဦးမြင့် (၁၄/ပတန(နိုင်)၁၄၃၁၉၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-179862)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၈၇၀၁၁၅၅

## စာအုပ်စာပေ လူ့မိတ်ဆွေ

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ MSME လုပ်ငန်းတွင် ကဏ္ဍလေးခုရှိ…

❖ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဝန်ဆောင်မှု ပြုလုပ်ခြင်းနှင့်အခြားလုပ်ငန်းရပ်များပင်ဖြစ်…

❖ ထုတ်လုပ်မှုမရှိနိုင်ဘဲနှင့် ရောင်းဝယ်မှုမရှိနိုင်၊ ရောင်းဝယ်မှုမရှိပါက ဝန်ဆောင်မှုလည်းမရှိနိုင်…

❖ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် အရေးကြီးလိုအပ်ချက်ပင်ဖြစ်…

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ် ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာ ရေးကဏ္ဍမြှင့်တင်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## သဘာဝဘေးဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ သဘာဝဘေးဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက ဒေသတစ်ရချင်းမှ အစပြု၍ နိုင်ငံတော်ကြီးတစ်ရလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် **စာမျက်နှာ ၁၉ ကော်လံ ၁ ☆**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**